မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၄ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၃/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း

နှစ်သစ်ကူးအခါသမယတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းငြိမ်းချမ်းစေရေးတို့ကို ဦးတည်သောအားဖြင့် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၈၃ ဦးကို ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် မြန်မာနှစ်ဆန်း ၁ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့မှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်သည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

### နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၄ တို့ပါ

ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဗိုလ်မှူးကြီးမင်းနောင်
(၂) ဦးအောင်မြင့်ထွန်း
(၃) ဦးတင်ထွန်း
(၄) ဦးတင်ထွန်း
(၅) ဦးအေးမောင်စိန်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၃၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးဝင်းမော် | အဖွဲ့ဝင် |
| (၂) | ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဦးပွား | အဖွဲ့ဝင် |
| (၄) | ဦးစောဇယ်လင်တိုင်း | အဖွဲ့ဝင် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၃၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက် )

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာထွန်းဝင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည် -

(၁) ဗိုလ်ချုပ်အောင်စိုး — ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဗိုလ်ချုပ်မြင့်နွယ် — ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဗိုလ်ချုပ်သန်းထွန်း — ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန

(ပုံ) ထင်ကျော်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးပြောင်းလဲတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင်အချိုးအစားသို့ ပြောင်းလဲတိုးတက် လုပ်ဆောင် နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် **"ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ဒုတိယသမ္မတ (၁) — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်

(ဍ) ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်

(ဎ) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင် အချိုးအစားသို့ ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးအခြေခံမူများ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်။

(ဂ) စွမ်းဆောင်ရည်ကျဆင်းလျက်ရှိသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား စွမ်းဆောင်ရည်တိုးတက်စေရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနည်းလမ်းများအား အသုံးပြု၍ ဆောင်ရွက်ရန်။

(ဃ) ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာ၌ ဘတ်ဂျက်လိုငွေကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အစိုးရဌာနများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှ ပုဂ္ဂလိကများသို့ လုပ်ဆောင်နိုင်မည့် လုပ်ငန်းများအား ခွဲဝေလွှဲပြောင်းပေးရန်။

(င) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership- PPP)၊ ပုဂ္ဂလိက-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (Private-Private Partnership) လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးများတိုးတက်ရရှိလာခြင်း၊ နည်းပညာဖွံ့ဖြိုးမှုမှတစ်ဆင့် ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပြီး ဈေးကွက်ယှဉ်ပြိုင်မှုများ၊ စီမံခန့်ခွဲမှုများနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်လာခြင်းတို့မှတစ်ဆင့် ပြည်သူနှင့်နိုင်ငံဖွံ့ဖြိုးမှုအတွက် အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန်။

(စ) အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂလိကပိုင်သို့ လွှဲပြောင်းဆောင်ရွက်သင့်သော လုပ်ငန်းများအား နိုင်ငံတကာတွင် ဆောင်ရွက်လေ့ရှိသည့် အောက်ပါနည်းလမ်းများဖြင့် စိစစ်သုံးသပ်၍ ဆောင်ရွက်စေရန် -

(၁) ရှယ်ယာခေါ် ယူခြင်း (Sharing System)၊

(၂) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership)၊

(၃) နိုင်ငံသားများအချင်းချင်း ပူးပေါင်းရင်းနှီးမြှုပ်နှံစေခြင်း (Private-Private Partnership)၊

(၄) အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းများသို့ ရောင်းချပိုင်ခွင့်၊ မူပိုင်ခွင့်များ ထုတ်ပေးခြင်း (Franchise)၊

(၅) ဖက်စပ်လုပ်ကိုင်ခြင်း (Joint Venture-JV)၊

(၆) ထုခွဲရောင်းချခြင်း (Sale)၊

(၇) မြို့ပြစီမံကိန်းများနှင့် မသင့်လျော်သည့် မြို့တွင်းရှိစက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား အခြားသင့်လျော်မည့်လုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်စေရန်။

(ဆ) လွှဲပြောင်းရေးဆိုင်ရာနည်းလမ်းများအား အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ပြဋ္ဌာန်း၍ ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်သင့်သည့် နယ်ပယ်၊ နည်းလမ်းများကို စိစစ်သုံးသပ်၍ အထက်အဖွဲ့အစည်းသို့ တင်ပြရန်။

(ဇ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့်သက်ဆိုင်သည့် ဘဏ္ဍာနှင့်ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ပေးရန်။

(ဈ) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းရန်နှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရန်။

(ည) နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပြီးနောက် နိုင်ငံတော်အတွက် အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု ရှိ/မရှိ စိစစ်၍ အကျိုးကျေးဇူးများနှင့် အားနည်းချက်များကို အထက်အဖွဲ့အစည်းများသို့ သုံးသပ်တင်ပြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်။

(ဋ) ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်းမပြုသည့် နိုင်ငံတော်အစိုးရက မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ/မရှိ စိစစ်သုံးသပ်ရန်။

(ဌ) ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား ဝယ်ယူသူမှ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ခွင့်မရှိဘဲ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်လိုပါက ဆောင်ရွက်လိုသည့် လုပ်ငန်းအား စိစစ်သုံးသပ်ရန်။

(ဍ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သတင်းစာ၊ ဂျာနယ်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ရှင်းလင်းအသိပေးရန်။

၃။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် လိုအပ်သည့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊ အမိန့်များ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းတို့အတွက် အခြားဝန်ကြီးဌာနများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၄။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

## အမျိုးသားစီမံကိန်းကော်မရှင် ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများနှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းမဆောင်ရွက်မီ ဖြစ်နိုင်ခြေ ရှိ/မရှိ တို့ကို လေ့လာမှုပြုရန် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် စရိတ်ကျော်လွန် သုံးစွဲသည့် လုပ်ငန်းစီမံချက်များ၊ သတ်မှတ်ကာလကျော်လွန်ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ ကြီးကြပ်နိုင်ရေးနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေနစ်နာဆုံးရှုံးမှုများကိုလည်း အကာအကွယ်ပေးနိုင်ရန် အတွက် **"အမျိုးသားစီမံကိန်းကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီးအားလုံး | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်အားလုံး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားစီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏မူအရ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းရန် ဆုံးဖြတ်ခြင်း။

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည် စီမံကိန်းများတွင် လုပ်ငန်းစီမံကိန်းထည့်သွင်းရန် အဆိုပြုသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ လုပ်ငန်းစီမံကိန်းများအပေါ် အကြံပြုခြင်း၊ အတည်ပြုခြင်းနှင့် ငြင်းပယ်ရန် လိုအပ်ပါက ငြင်းပယ်ခြင်း။

(ဂ) ပေါင်းစည်းစီမံကိန်းများ ဖြစ်ပေါ်ရေးအတွက် လမ်းညွှန်မှုပေးခြင်း။

(ဃ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူမပြုသည့် လုပ်ငန်းစီမံကိန်းများကို ငြင်းပယ်ခြင်း။

(င) နိုင်ငံတော်၏သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိရောက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏရယူမည့် ဇာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း။

(စ) ရေးဆွဲပြီးဖြစ်သည့် ဒုတိယကာလတို (၅) နှစ် စီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်းများနှင့် ပင်မစီမံကိန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း။

(ဆ) သဘောတူပြီးသည့် လုပ်ငန်းစီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

**တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းကော်မရှင် ဖွဲ့စည်းခြင်း**

၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လူမှုစီးပွားအမှန်တကယ် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုနိုင်ရန်အတွက် **"တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ခ) ဝန်ကြီးများ အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ဂ) ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ် တစ်ဦးစီ အဖွဲ့ဝင်
(လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု)

(ဃ) အတွင်းရေးမှူး အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

၂။ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီး/ပြည်နယ် ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏မူနှင့် ကိုက်ညီခြင်းရှိ/မရှိ စိစစ်အတည်ပြုခြင်း။

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည် ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုခြင်း။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများအပေါ် နိုင်ငံတော်၏မူနှင့် ဆန့်ကျင်မှုမရှိသည့် သဘောထားမှတ်ချက် ပြန်ကြားပေးခြင်း။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူမပြုသည့် လုပ်ငန်းစီမံကိန်းများကို ငြင်းပယ်ခြင်း။

(င) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိရောက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏရယူမည့် ဇာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း။

(စ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အမျိုးသားစီမံကိန်းကော်မရှင်သို့ တင်ပြ၍ လမ်းညွှန်မှုတောင်းခံခြင်း။

(ဆ) သဘောတူပြီးသည့် တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းစီမံကိန်းများကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် )

## တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန်နှင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ကြီးကြပ်နိုင်ရန်အတွက် **"တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | စီမံကိန်းနှင့်သက်ဆိုင်သည့်ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီး/ပြည်နယ်အင်ဂျင်နီယာ<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်/မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဌ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး(လယ်ယာ)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်တစ်ဦး(စက်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်တစ်ဦး(ဝန်ဆောင်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (ထ) | ရပ်မိရပ်ဖ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဒ) | တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးမှူး | အတွင်းရေးမှူး |
| (ဓ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဒေသန္တရစီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းကော်မရှင်များသို့ မတင်ပြမီ စနစ်တကျ စိစစ်သုံးသပ်ရန်။

(ခ) ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကိုအထောက်အကူပြုသည့် ဒေသအလိုက် ဦးစားပေးစီမံကိန်းများနှင့် ဆောင်ရွက်ရမည့် ဆီလျော်သည့် လုပ်ငန်းများအတွက် အစီအမံများထည့်သွင်းရန်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ကျေးရွာ/ရပ်ကွက် အခြေခံသည့် သက်ဆိုင်ရာဒေသအသီးသီး၏ လူမှုစီးပွားအခြေအနေ စာရင်းဇယားများ ပြည့်စုံခိုင်မာရေးအတွက် တာဝန်ယူဆောင်ရွက်ရန်။

(ဃ) ခရိုင်အသီးသီးမှတင်ပြလာသည့် စာရင်းဇယားများ မှန်ကန်တိကျစေရေးအတွက် စိစစ်ဆောင်ရွက်ရန်။

(င) ဒေသန္တရစီမံကိန်းတွင်ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များပါရှိပါက လုပ်ငန်းစီမံချက်၏ အကျိုးအမြတ်ပြန်ရချက်၊ ဒေသအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှုရှိ/မရှိကို စိစစ်ဆောင်ရွက်ရန်။

(စ) ဒေသန္တရစီမံကိန်း အချိန်မီ ရေးဆွဲတင်ပြနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်။

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြလာသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း၊ ဒေသန္တရစီမံကိန်းများကို စိစစ်သုံးသပ်၍ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းကော်မရှင်သို့ တင်ပြရန်။

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားရေးအညွှန်းကိန်းများ ပြည့်စုံစွာရရှိရေးအတွက် ဆောင်ရွက်ရန်။

(ဈ) တိုင်းဒေသကြီး/ပြည်နယ်များ၏ စာရင်းဇယား၊ ကိန်းဂဏန်းများ တိကျမှန်ကန်စေရေးအတွက် တာဝန်ယူရန်၊

(ည) တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ကြီးကြပ်ရန်။

(ဍ) ခရိုင်နှင့် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများတွင် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခရိုင်/မြို့နယ်စီမံကိန်းမှူးကို အတွင်းရေးမှူးအဖြစ် လည်းကောင်း ထားရှိ၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်လျက် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

## နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်မှု ပိုမိုတိုးတက်စေရန်နှင့် ၎င်းတို့၏နေထိုင်သွားလာမှု အဆင်ပြေလွယ်ကူစေရန်တို့ အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော "နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားမှုဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတပ်ဖွဲ့မှူး<br>သတင်းတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ<br>ဒုတိယညွှန်ကြားရေးမှူး (၁) ဦးစီ | အဖွဲ့ဝင် |
| (ဒ) | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ<br>ဒုတိယညွှန်ကြားရေးမှူး (၁) ဦးစီ | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဝင်ရောက်လာသော နိုင်ငံခြားသားဧည့်သည်များ၏ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာ၊ သယ်ဆောင်လာသည့် ပစ္စည်း၊ ငွေကြေး၊ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ အခက်အခဲများ ပေါ်ပေါက်လာပါက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းသွားရန်။

(ခ) ကမ္ဘာလှည့်ခရီးသည်များအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ရန်။

(ဂ) ယဉ်ကျေးမှုနယ်မြေအတွင်း ဝင်/ထွက်မှု၊ ငွေကြေးပေးဆောင်ရမှုများတွင် လွယ်ကူစေပြီး အမှတ်တရပစ္စည်းများ ဝယ်ယူသယ်ဆောင်ခွင့် အဆင်ပြေမှုရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်။

(ဃ) ပြည်တွင်း ပြည်ပ တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်ဆက်သွယ်မှုများ ကောင်းမွန်လွယ်ကူစေရန်။

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် Trekking၊ Eco-Tourism လုပ်ငန်းများ ကျယ်ပြန့်စွာ ပြုလုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်။

(စ) လေကြောင်းခရီးစဉ်များ ချောမွေ့စေရေးအတွက် နိုင်ငံခြားသားဧည့်သည်များအား စနစ်တကျကြိုဆိုရေးပို့ဆောင်နိုင်ရေးနှင့် လေဆိပ်တွင် စောင့်ဆိုင်းနေသည့်အချိန်တွင်လည်း အဆင်ပြေစေရေး ပူးပေါင်းဆောင်ရွက်သွားရန်။

(ဆ) ဆိုက်ရောက်မှု၊ ထွက်ခွာမှုပြုရာတွင် လုပ်သားများ စနစ်တကျအသုံးပြုနိုင်ရေး၊ ခရီးသွားကုမ္ပဏီများမှ ဧည့်လမ်းညွှန်များ လိုက်ပါ၍ လိုင်စင်ရပြီး နိုင်ငံခြားသားပို့ဆောင်ရေးယာဉ်များဖြင့် စနစ်တကျပို့ဆောင်နိုင်ရေး စီစဉ်ကြပ်မတ် ဆောင်ရွက်နိုင်ရန်။

(ဇ) ပြည်တွင်း ပြည်ပလေဆိပ်များနှင့် ရေဆိပ်၊ နယ်စပ်ဝင်ပေါက် စသည်တို့တွင် လွယ်ကူစွာ ဝင်ထွက်နိုင်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းတကျရှိစေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန်။

(ဈ) မြန်မာနိုင်ငံ၏ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရန်နှင့်ရှောင်ရန် အချက်များကို ကမ္ဘာလှည့်ခရီးသည်များ သိရှိလိုက်နာလာစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်။

(ည) ကမ္ဘာလှည့်ခရီးသည် များပြားလာမှုကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြန်မာ့တောတောင်၊ ပင်လယ်ကမ်းခြေ၊ သဘာဝအလှတရားများကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်စေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရန်။

(ဋ) နိုင်ငံတော်လုံခြုံရေးအတွက် Blacklist စာရင်းဝင် နိုင်ငံခြားသားများ ဝင်ရောက်လာမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်။

(ဌ) ကန့်သတ်နယ်မြေများသို့ ခွင့်ပြုမိန့်အရ သွားရောက်ရာတွင် သတ်မှတ်ထားသောနေရာ၊ ဗီဇာရက် သတ်မှတ်ထားသောအချိန်ထက် ကျော်လွန်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဍ) နယ်စပ်ဖြတ်ကျော်ယာဉ်တန်းများဖြစ်သည့် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်တန်းများဖြင့်လာသည့် နယ်စပ်ဖြတ်ကျော်ခရီးစဉ်များ၊ ကမ္ဘာလှည့် အပျော်စီးသင်္ဘောခရီးစဉ်များ၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်များ၊ ကန့်သတ်ဒေသသို့ သွားရောက်သောခရီးစဉ်များကို ယခင်က အစိုးရအဖွဲ့ရုံးသို့ ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါတွင် ကော်မတီဖွဲ့စည်းထားခြင်းကြောင့် တင်ပြရန်မလိုအပ်တော့ဘဲ ကော်မတီအတွင်း ဆွေးနွေးမှုညှိနှိုင်းဆောင်ရွက်မှုများဖြင့်သာ လွယ်ကူအဆင်ပြေစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်။

(ဎ) ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ခရီးစဉ်တစ်လျှောက် လုံခြုံစိတ်ချစွာ လှည့်လည်သွားလာနိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၆ အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး အား ပြည်ထောင်စုလွှတ်တော်ရုံး၏ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ပြည်ထောင်စုလွှတ်တော်ရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက် )

**ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ) က တင်သွင်းသော **"ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရေချိုငါးလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁) ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် လွှတ်တော်များက ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက် )

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ) က တင်သွင်းသော **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅။ (ဂ) အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊"**

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅။ (င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူ ဖြစ်ခြင်း၊**

**(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊"**

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင်**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ သဘောဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် သတ်မှတ်အတည်ပြုပေးရမည်။"**

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၇။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို အစဉ်လိုက်ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့များ ဖွဲ့စည်းရမည်။**

**(စ) ပုဒ်မခွဲ (င) အရ ပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်စုတစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကို ရေတွက်၍ ကြေညာရမည်။"**

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ၊"**

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၂။ (ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။"**

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ပ)၊ ပုဒ်မခွဲ (ဓ) နှင့် ပုဒ်မခွဲ (ဝ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၃။ (စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံ ကျင်းပစေခြင်း၊**

**(ည) အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေ အနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက်မလိုက်နာလျှင် ဖြစ်စေ အရေးယူခြင်း အရေးယူရန် အကြောင်းကြားခြင်း၊**

**(ဍ) လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်းမရှိသော လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊**

**(ပ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သော နေရာများကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် စစ်ဆေးခြင်း၊**

**(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုခြင်း၊**

**(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊"**

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-"**

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာ တာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"**

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"**

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်-"**

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

**"၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။"**

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၁၈ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးညီညီက ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်အေးမြတ်နိုးဦး [၁၂/မရက (နိုင်) ၁၃၈၅၁၂] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၁၉ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးတွာလ်ကျင်ပေါင်က ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်အိန္ဒြာ [၁၂/အစန (နိုင်) ၂၃၁၉၅၀] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၂၁ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးမြင့်ဝင်းက ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဦးဉာဏ်မိုးထက်ဆွေ [၉/မခန (နိုင်) ၁၇၀၈၁၇] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၂၂ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်လှမျိုးနွယ်က ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်မြတ်မြတ်စိုး [၉/မနမ (နိုင်) ၁၀၈၈၁၆] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၁၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက် )

### ရွေးကောက်ပွဲခုံအဖွဲ့ (၁) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၂) အရ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မြင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစန်းရွှေ | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းမော် | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် အောက်တွင်ဖော်ပြထားသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို ဆက်လက်စုံစမ်းစစ်ဆေးရမည် -

| | ကန့်ကွက်လွှာ အမှုအမှတ် | လျှောက်ထားသူ အမည် | လျှောက်ထားခံရသူ၏ အမည် | လွှတ်တော်မဲဆန္ဒနယ် အမည် |
|---|---|---|---|---|
| (က) | ၁/၂၀၁၅ | (၁) ဦးစိုင်းဆာလူ<br>(၂) ဒေါ်နန်းထွေးမှုံ | ဦးညီစိန် | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) ရှမ်းပြည်နယ် |
| (ခ) | ၄/၂၀၁၅ | ဦးဉာဏ်လင်းဦး | (၁) ဦးအေးမောင်<br>(၂) ဦးစိုင်းသန်းစိန် | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |
| (ဂ) | ၈/၂၀၁၅ | ဦးခိုင်ညီညီကျော် | ဦးအောင်ကျော်ညွန့် | ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |

| | ကန့်ကွက်လွှာ အမှုအမှတ် | လျှောက်ထားသူ အမည် | လျှောက်ထားခံရသူ၏ အမည် | လွှတ်တော်မဲဆန္ဒနယ် အမည် |
|---|---|---|---|---|
| (ဃ) | ၃၁/၂၀၁၅ | ဦးယောဟန် | ဦးကျင်ဝမ်း | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| (င) | ၃၂/၂၀၁၅ | ဦးစောဖိုးလစ် | ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ | ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |
| (စ) | ၃၃/၂၀၁၅ | ဦးဆမ်ဆောင်းကား | ဦးရန်ကျော် | ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |
| (ဆ) | ၁၈/၂၀၁၅ | ဦးစိုင်းဖော်ဝင်း | ဦးငွေးလွင်(ခ) ဦးဒီလုံး | နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| (ဇ) | ၂၇/၂၀၁၅ | ဦးနိုင်မောင်မောင်လွင် | ဦးစောသန်းထွန်း | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ကရင်ပြည်နယ် |
| (ဈ) | ၇/၂၀၁၅ | ဦးစိုးမောင် | ဦးတိုးရွှေ(ခ) ဒေါက်တာတင်ငွေးအောင် | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး |
| (ည) | ၁၇/၂၀၁၅ | ဦးလှဆွေ | ဦးပြုံးလွင် | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၂) မကွေးတိုင်းဒေသကြီး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။　နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ယာဉ်မောင်းအဆင့်-၅ ဦးစိုးတင့်

[၈/မကန (နိုင်) ၀၁၅၁၄၉] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့် အညီ အမှန်တကယ်အလုပ်ဝင်ရောက်သည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးတင်အောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/လရန (နိုင်) ၁၀၀၈၉၅] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအာကာငြိမ်းချမ်း နိုင်ငံသားစိစစ်ရေး

ကတ်ပြားအမှတ် [၈/မဘန (နိုင်) ၀၇၇၅၉၇] အား မူလရာထူးအနွယ်မပျက်စေဘဲ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၃၀၀,၀၀၀/- ကို ခံစားခွင့် ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၂၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက် )

### ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်အမှတ် (၁၆/၂၀၁၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ရွေးကောက်ပွဲခုံအဖွဲ့ (၁) တွင် အဖွဲ့ဝင်ဖြစ်သူ ဦးစန်းရွှေသည် ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံတက်ရောက်နေရပါသဖြင့် ယင်းပုဂ္ဂိုလ် (အစား) အောက်ပါပုဂ္ဂိုလ်အား ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ အဖွဲ့ဝင်အဖြစ် အစားထိုးတာဝန် ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| ဦးမောင်မောင်လေးမြင့် | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် အောက်အမည်ပါ လျှောက်ထားသူ၏ ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ဆက်လက်စုံစမ်းစစ်ဆေးရမည် -

| လျှောက်ထားသူအမည် | လျှောက်ထားခံရသူ၏အမည် | လွှတ်တော်မဲဆန္ဒနယ်အမည် |
|---|---|---|
| ဦးစိုးမောင် | ဦးတိုးရွှေ(ခ)<br>ဒေါက်တာတင်ဌေးအောင် | ရေစကြိုမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်<br>မကွေးတိုင်းဒေသကြီး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်)

### စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၂) ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် ခွင့်မပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစားများစာရင်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့်

စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းတို့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

## ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၁ | ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ယင်းနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| ၂ | ရေထိန်းတောများ၊ ဘာသာရေးအရ အထွတ်အမြတ် ထိန်းသိမ်းထားသည့် နေရာများနှင့် ရိုးရာ ပူဇော်ပသမှုပြုလုပ်သည့် နေရာများ၊ စားကျက်မြေများ၊ တောင်ယာစိုက်ခင်းနှင့် လယ်ယာမြေများ၊ ရေအရင်းအမြစ်များကို ထိခိုက်ပျက်စီးစေနိုင်သည့် လုပ်ငန်းများ |
| ၃ | သဘာဝသစ်တောများကို စီမံခန့်ခွဲထိန်းသိမ်းမှုလုပ်ငန်း |
| ၄ | ကျောက်စိမ်း/ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၅ | ဓာတ်သတ္တုအလတ်စားနှင့် အသေးစား ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၆ | လျှပ်စစ်ဓာတ်အားစနစ် ကွပ်ကဲခြင်းလုပ်ငန်း |
| ၇ | လျှပ်စစ်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း |
| ၈ | လေကြောင်းထိန်းသိမ်းကွပ်ကဲ လမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း |
| ၉ | မြစ်ကြောင်းရေလမ်း နယ်မြေအတွင်း ရွှေအပါအဝင် သတ္တုသယံဇာတ တူးဖော်ခြင်းလုပ်ငန်း |
| ၁၀ | ရေကြောင်းပြလုပ်ငန်း |
| ၁၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပုံနှိပ်မီဒီယာလုပ်ငန်း (Print Media) နှင့် ရေဒီယို ရုပ်သံလွှင့်မီဒီယာလုပ်ငန်း (Broadcasting Media) နှစ်ခုကို ပူးတွဲလုပ်ကိုင်ခြင်းလုပ်ငန်း |
| ၁၂ | မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့်ထုတ်ဝေသော အချိန်မှန်ထုတ် စာနယ်ဇင်း၊ ပုံနှိပ်ဖြန့်ချိခြင်း ဆိုင်ရာ လုပ်ငန်းများအားလုံး |

## နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစားများ |
|---|---|
| ၁ | ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲအမျိုးမျိုး၊ ကြာဆံ၊ မြူစွမ်စသည့် အခြားနှံစားသီးနှံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၂ | သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း |
| ၃ | နို့နှင့်နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၄ | မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့် ယမကာပစ္စည်းများ ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၅ | အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သောပစ္စည်း ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်းစသည့် လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ |
| ၆ | ရေသန့်ရေခဲအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |

| စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစားများ |
|---|---|
| ၇ | သောက်ရေသန့်လုပ်ငန်းများ |
| ၈ | ကြိုးအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၉ | ကြွေရည်သုတ်ပစ္စည်းများ၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်းစသည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၀ | ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၁ | ထုပ်ပိုးခြင်းလုပ်ငန်း |
| ၁၂ | သားရေတုမှအပ သားရေစိမ်း၊ သားရေအမျိုးမျိုးနှင့် သားရေဖြင့်ပြုလုပ်သော ဖိနပ်၊ လက်ကိုင်အိတ် စသည်များအပါအဝင် သားရေပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၁၃ | မှိုင်းခံစက္ကူ ဖယောင်းစက္ကူ ရေအိမ်သုံးစက္ကူ စသည်များအပါအဝင် စက္ကူအမျိုးမျိုး ထုတ်လုပ်ခြင်း၊ စက္ကူကုန်ကြမ်းထုတ်လုပ်ခြင်း၊ စက္ကူနှင့်ကတ်ထူစက္ကူများဖြင့် ပြုလုပ်သည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၄ | ပြည်တွင်း သဘာဝသယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း (ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများမပါ) |
| ၁၅ | မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့နှင့် အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း (ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများမပါ) |
| ၁၆ | ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသော ဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၁၇ | လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulphuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း |
| ၁၈ | စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၁၉ | ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်း |
| ၂၀ | အသေးစားနှင့် အလတ်စား ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ |
| ၂၁ | နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း/အပန်းဖြေနေရာများ ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း |
| ၂၂ | လူနေအိမ်ခန်း အဆောက်အအုံ/စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်း |
| ၂၃ | ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ဆောက်၍ ပြန်လည်ရောင်းချခြင်းလုပ်ငန်း |
| ၂၄ | စက်မှုဇုန်များနှင့်ဆက်စပ်သော လူနေဧရိယာများ၌ လူနေအိမ်ခန်းအဆောက်အအုံများ တည်ထောင် ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း |
| ၂၅ | ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာဆောက်လုပ်တည်ထောင်ခြင်းလုပ်ငန်း |
| ၂၆ | ပြည်တွင်းလေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း |
| ၂၇ | နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း |

## သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း

### (က) သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|---|
| (၁) | | (၂) |
| ၁ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ပျားနှင့်ပျားထွက်ပစ္စည်းလုပ်ငန်း |
| | ၂ | ငါးဖမ်းပိုက်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်း |
| | ၃ | ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေးလုပ်ငန်း |
| | ၄ | မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ |
| | ၅ | ပင်လယ်ငါးဖမ်းလုပ်ငန်း |
| | ၆ | ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်း |
| | ၇ | တိရစ္ဆာန်နှင့်ငါးမျိုးစိတ်များအား ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၈ | ရေချို/ရေငန်ငါးပုစွန် မွေးမြူရေးလုပ်ငန်း |
| ၂ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းများ** |
| | ၁ | အမျိုးသားဥယျာဉ်လုပ်ငန်း |
| | ၂ | ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ |
| | ၃ | သစ်တောနယ်မြေ (ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော) တွင် သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း |
| | ၄ | မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ပစ္စည်း (Genetically Modified Organism) နှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်း (Living Modified Organism) များကို ပြည်ပမှ စီးပွားရေးအလို့ငှာ တင်သွင်း၍ ထပ်မံမျိုးပွားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| | ၅ | အဖိုးတန်သော၊ ရှားပါးသော သစ်မျိုးများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တစ်သျှူးမွေးမြူ ထုတ်လုပ်ခြင်း အစရှိသည့် သစ်တောကဏ္ဍ အဆင့်မြင့်နည်းပညာ သုတေသနလုပ်ငန်းနှင့် စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ |
| | ၆ | သစ်တောကဏ္ဍ အဆင့်မြင့်နည်းပညာ၊ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ |
| | ၇ | သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရက စီမံပိုင်ခွင့်ရှိသည့်မြေတွင် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၈ | သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်များကို စီးပွားရေးအလို့ငှာ ပြည်ပမှတင်သွင်း၍ မွေးမြူထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း |

| စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|---|
| (၁) | | (၂) |
| ၃ | | **စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းများ** |
| | ၁ | အဖျော်ယမကာ၊ ဘီလပ်ရည်နှင့် အခြားဖျော်ရည်များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| | ၂ | ဟင်းချိုမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၃ | ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးကုသရာ၌ အသုံးပြုသော ဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၄ | | **ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ရေယာဉ်များဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း |
| | ၂ | ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း |
| | ၃ | သင်္ဘောကျင်းလုပ်ငန်းများ |
| | ၄ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေများတွင် ဆောင်ရွက်သည့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများ |
| ၅ | | **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်း** |
| | ၁ | ပြည်တွင်းပြည်ပ စာပို့တိုက်လုပ်ငန်း |
| ၆ | | **ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ပုဂ္ဂလိကဆေးရုံလုပ်ငန်း |
| | ၂ | ပုဂ္ဂလိကဆေးခန်းလုပ်ငန်း |
| | ၃ | ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း |
| | ၄ | ပုဂ္ဂလိကဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း |
| | ၅ | ရောဂါကာကွယ်ဆေးနှင့် စမ်းသပ်ပစ္စည်းထုတ်လုပ်မှု သုတေသနလုပ်ငန်း |
| | ၆ | ပုဂ္ဂလိကဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း |
| | ၇ | တိုင်းရင်းဆေးဝါး ကုန်ကြမ်း (ပရဆေးပစ္စည်း) ရောင်းဝယ်ရေးလုပ်ငန်း |
| | ၈ | တိုင်းရင်းဆေးဖက်ဝင် အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၉ | တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲလုပ်ငန်း |
| | ၁၀ | တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၁၁ | တိုင်းရင်းဆေးရုံလုပ်ငန်း |
| ၇ | | **ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ်သတင်းစာများ |
| | ၂ | FM ရေဒီယို အစီအစဉ်များ |
| | ၃ | Direct To Home (DTH) လုပ်ငန်း |
| | ၄ | DVB-T 2 လုပ်ငန်း |
| | ၅ | Cable TV လုပ်ငန်း |
| | ၆ | ရုပ်ရှင်ကားထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၇ | ရုပ်ရှင်ပြသခြင်းလုပ်ငန်း |

## ( ခ ) အခြားကန့်သတ်ချက်ဖြင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်း အမျိုးအစားများစာရင်း

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ရေနံထွက်ပစ္စည်းများ တင်သွင်း/တင်ပို့၊ သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သိုလှောင်ကန်များ၊ ဆီတင်ဆီချ ဆိပ်ခံတံတားများ၊ ပိုက်လိုင်းများ၊ ဆက်စပ်စက်ကိရိယာပစ္စည်းများနှင့် အဆောက်အဦများကို တည်ဆောက်တပ်ဆင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၂ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ဘူမိ၊ ဘူမိရူပ၊ ဘူမိဓာတုနည်းပညာတို့ဖြင့် လေ့လာစမ်းသပ် ရှာဖွေခြင်း၊ အဓိပ္ပာယ်ဖော်ဆောင်ခြင်းနှင့်စပ်လျဉ်းသည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၃ | ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ခြင်း/ထုတ်လုပ်ခြင်း/ဓာတ်ခွဲစမ်းသပ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၄ | ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း၊ ပိုက်လိုင်းကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၅ | ကမ်းလွန်ပလက်ဖောင်းစင် အမျိုးအစား အမျိုးမျိုး တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၆ | ရေနံဓာတုဗေဒ စက်ရုံအမျိုးအစားအမျိုးမျိုး အသစ်တည်ဆောက်တပ်ဆင်ခြင်း၊ စက်ရုံအဟောင်းများကို ရင်းနှီးမြှုပ်နှံမှုဖြင့် မွမ်းမံပြုပြင်တည်ဆောက်တပ်ဆင်ခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၇ | စီးကရက်ထုတ်လုပ်ခြင်းလုပ်ငန်း | ပြည်တွင်းဆေးရွက်ကြီးများအား ပထမ (၃) နှစ် ၅၀% အသုံးပြုခြင်း (သို့မဟုတ်) ပြည်တွင်းဆေးရွက်ကြီးများ ပြည်ပသို့ ရောင်းချခြင်းမှ ရရှိသော ဝင်ငွေဖြင့် ဝယ်ယူရရှိသော ကုန်ကြမ်းကို အနည်းဆုံး ၅၀% အသုံးပြု ထုတ်လုပ်ရမည်။ ပြည်ပသို့ ၉၀% တင်ပို့ရမည်။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်တွင် ပြည်တွင်းကုန်ကြမ်းအသုံးပြုမည့် အစီအစဉ်ဇယားနှင့် ပြည်ပတင်ပို့မည့် အစီအစဉ်ဇယား ထည့်သွင်းတင်ပြရမည်။ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၈ | ပေါက်ကွဲနိုင်သော ဓာတုပစ္စည်းများ (TNT, Nitroglycerin, Ammonium Nitrite) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |
| ၉ | အလိုအလျောက်မီးလောင်သော အရည်၊ အခဲများ (Titanium Powder)၊ ကိုယ်တိုင် အပူထွက်သည့် ဓာတုပစ္စည်းများ (Potassium Sulfide)၊ အပူကြောင့် ဓာတ်ပြိုကွဲလွယ်သည့် ပစ္စည်းများနှင့် ရေနှင့်ထိတွေ့လျှင် မီးလောင်လွယ်သော ဓာတ်ငွေ့ထုတ်လွှတ်သောအရာများ (Calcium Phosphide) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |
| ၁၀ | ကောက်ပဲသီးနှံများအား လိုအပ်သည့် သွင်းအားစုများအားတင်သွင်းအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း | တန်ဖိုးမြှင့် Value-added ပစ္စည်းများ ထုတ်လုပ်ခြင်းကိုသာ ခွင့်ပြုမည်။ နိုင်ငံခြားသား အစုရှယ်ယာပါဝင်မှုကို ၄၉ ရာခိုင်နှုန်းအထိ အများဆုံးခွင့်ပြုမည်။ ကုန်သွယ်မှု၊ ပြည်တွင်း/ပြည်ပ ရောင်းချမှုကို အဆိုပါဖက်စပ်ကုမ္ပဏီ၏ ထုတ်လုပ်မှုအပေါ်တွင် ခွင့်ပြုပေးမည်။ ပြည်ပတင်ပို့မှု ဆောင်ရွက်ရာတွင် စပါးတင်ပို့မှုကို ပင်လယ်ရေကြောင်းမှဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှုမှဖြစ်စေ လုံးဝခွင့်မပြုပါ။ |
| ၁၁ | E-Lottery လုပ်ငန်း | ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၂ | မြို့သစ်ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၁၃ | မြို့ပြပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၁၄ | ရထားလမ်း/ဘူတာ/အဆောက်အဦများ အသစ်တည်ဆောက်ခြင်းလုပ်ငန်း | မြန်မာ့မီးရထားနှင့် ဖက်စပ်/BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။ |
| ၁၅ | ရထားပြေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | မြန်မာ့မီးရထားနှင့် ဖက်စပ်/BOT၊ အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။ |
| ၁၆ | ရထားစက်ခေါင်း/လူစီးတွဲ၊ ကုန်တွဲနှင့် စက်အရန်ပစ္စည်းများ တည်ဆောက်ထုတ်လုပ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | မြန်မာ့မီးရထားနှင့် ဖက်စပ်/BOT၊ အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။ |
| ၁၇ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေများအတွင်း Fibre Optic Cable သွယ်တန်းခြင်း၊ တာဝါတိုင်တည်ဆောက်ခြင်း၊ စက်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်း | သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့်ဖက်စပ်/BOT၊ အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။ |
| ၁၈ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေများနှင့် အဆောက်အဦများကို စီးပွားရေးအလို့ငှာ အဆင့်မြင့်အသုံးချခြင်းလုပ်ငန်း | သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် JV/BOT၊ အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။ |
| ၁၉ | ရထား/မော်တော်ယာဉ်ဖြင့် ကုန်စည်နှင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာ လုပ်ငန်း/ဌာန/အဖွဲ့အစည်း (ဌာနနှင့်ပုဂ္ဂလိက)နှင့် ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၂၀ | မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ မော်တော်ယာဉ်မောင်းနှင်ခြင်းသင်တန်း၊ စက်ပြင်သင်တန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | နိုင်ငံသား ၅၀%၊ နိုင်ငံခြားသား ၅၀% ရင်းနှီးမြှုပ်နှံ၍ ဖက်စပ်ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၂၁ | ရထားလုပ်ငန်းအတွက် အသုံးပြုမည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း | မြန်မာ့မီးရထားနှင့် ဖက်စပ်/BOT၊ အငှားစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။ |
| | ၂၂ | ကာကွယ်ဆေးများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ် (JV) ဆောင်ရွက်ရမည်။<br>အနိမ့်ဆုံး WHO GMP စံနှုန်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ |

၂။ ဤအမိန့်ကြော်ငြာစာတွင် ပါဝင်ခြင်းမရှိသော စီးပွားရေးလုပ်ငန်း အမျိုးအစားများအနက် လုပ်ငန်းသဘာဝအရ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်ရယူရန် လိုအပ်သည်ဟု ကော်မရှင်က သုံးသပ်သည့် လုပ်ငန်းမှအပ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်းအပြည့်ဖြင့် ခွင့်ပြုနိုင်သည်။

၃။ ရင်းနှီးမြှုပ်နှံမှုသဘောသက်ရောက်ခြင်းမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ခဲ့သော ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၄၉/၂၀၁၄) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဇေယျာအောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

### ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ ကို ရုပ်သိမ်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ (၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၆) ဆုံးဖြတ်ချက်အရ ဤအမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းလိုက်သည်။

ဇေယျာအောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁၄/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

### နိဒါန်း

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

၁။ ဤနည်းဥပဒေများကို **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၃ တွင် -

(က) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၇ တို့နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးပြီး နည်းဥပဒေခွဲငယ် (၃) ကို ပယ်ဖျက်ရမည် -

**"(၂) နည်းဥပဒေခွဲငယ် (၁) အရ မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်ကြေး ပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက ဥပဒေပုဒ်မ ၁၀ အရ သတ်မှတ်သော မှတ်ပုံတင်ကြေးကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း။"**

(ဂ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးပြီး နည်းဥပဒေခွဲငယ် (၃) ကို ပယ်ဖျက်ရမည် -

**"(၂) နည်းဥပဒေခွဲငယ် (၁) အရ မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်ကြေး ပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက ဥပဒေပုဒ်မ ၁၀ အရ သတ်မှတ်သော မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း။"**

(င) နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁) ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) နှင့် (၃) တို့ကို ပယ်ဖျက်ရမည်။

(ဆ) နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၁) ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၂) နှင့် (၃) တို့ကို ပယ်ဖျက်ရမည်။

(ဈ) နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၁) ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၂) နှင့် (၃) တို့ကို ပယ်ဖျက်ရမည်။

၃။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၇) တို့ပါ **"ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း"** ဟူသည့် စကားရပ်ကို **"ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၁၀) တို့ပါ **"စိစစ်မှတ်တမ်းတင်ခြင်း"** ဆိုသည့် စကားရပ်နောက်တွင် **"နှင့်လိုအပ်သည့် ညွှန်ကြားမှုများ ဆောင်ရွက်ခြင်း"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) တို့ပါ **"နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်။"** ဆိုသည့် စကားရပ်ကို **"နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) နှင့် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဂ) တို့ပါ **"နိုင်ငံသားများ"** ဆိုသည့် စကားရပ်နောက်တွင် **"၏"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (င) ပါ **"ခိုင်မာအားကောင်းသော"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (စ) နှင့် နည်းဥပဒေခွဲ (ဆ) တို့ပါ **"အသင်း"** ဆိုသည့် စကားရပ်ကို **"အသင်းအဖွဲ့"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဆ) ပါ **"သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်"** ဆိုသည့် စကားရပ်ကို

**"သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားတောင်းခံထားသည့်စာကို ကနဦး ပူးတွဲတင်ပြရမည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများကို ယာယီမှတ်ပုံတင် လက်မှတ် ထုတ်ပေးသည့်အချိန်တွင် တစ်ပါတည်းတင်ပြရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၃ တို့ပါ **"မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။"** ဆိုသည့် စကားရပ်ကို **"မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားပြီး မှတ်ပုံတင်လက်မှတ်အား ဥပဒေနှင့်အညီ ထုတ်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (စ) ပါ **"တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၂။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၀ ပါ **"မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားရမည်။"** ဆိုသည့် စကားရပ်အစား **"မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားပြီး မှတ်ပုံတင်လက်မှတ် လဲလှယ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းတို့အား ဆောင်ရွက်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၅ အား နည်းဥပဒေ ၂၇ အဖြစ် ပြင်ဆင်ပြီး နည်းဥပဒေ ၂၅ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

> **"၂၅။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာ ပြောင်းလဲခြင်းပြုလိုကြောင်း ဥပဒေပုဒ်မ ၁၇ အရ တင်ပြလာပါက ယင်းတင်ပြချက်အား သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့မှ စိစစ်မှတ်တမ်းတင်ပြီး အကြောင်းပြန်ကြားရမည်။"**

၁၄။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၆ အား နည်းဥပဒေ ၂၈ အဖြစ် ပြင်ဆင်ပြီး နည်းဥပဒေ ၂၆ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

> **"၂၆။ အသင်းအဖွဲ့တစ်ခုသည် ယင်းအသင်းအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် အသင်းအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်များ ပြောင်းလဲခြင်းပြုလိုကြောင်း ဥပဒေပုဒ်မ ၁၈ အရ တင်ပြလာပါက ယင်းတင်ပြချက်အား သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့မှ စိစစ်မှတ်တမ်းတင်ပြီး အကြောင်းပြန်ကြားရမည်။"**

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၂၆ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများက ပြည်တွင်း ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရာတွင်လည်းကောင်း၊ ပစ္စည်းများ

ထုခွဲရောင်းချရာတွင်လည်းကောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် **"ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးတင့်ဆွေ<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | - | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ထွေး<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (ဂ) | ဦးမောင်ဖေ<br>ခေတ္တညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မျိုးမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (င) | ဦးကျော်စိုး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | - | အဖွဲ့ဝင် |
| (စ) | ဦးမျိုးမြင့်မောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | - | အတွင်းရေးမှူး |

အဆိုပါ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ဝယ်ယူမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ အရေအတွက် မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့် ပစ္စည်းများအတွက် ရန်ပုံငွေ လျာထားချက် ရှိ/မရှိ စိစစ်ခြင်း၊

(ဂ) တင်သွင်းလာသည့် တင်ဒါများကို Technology ပိုင်း စစ်ဆေးစိစစ်သည့် အဖွဲ့နှင့် ဈေးနှုန်းကို စစ်ဆေးစိစစ်သည့်အဖွဲ့တို့ဖြင့် စစ်ဆေးစိစစ်၍ ပစ္စည်းအရည်အသွေး မှန်ကန်ပြီး ဈေးနှုန်း အနည်းဆုံး တင်သွင်းသည့် ကုမ္ပဏီကို ကုမ္ပဏီအားလုံး၏ ရှေ့မှောက်တွင် ကြေညာ၍ အခြား ကုမ္ပဏီများမှ ၎င်းပစ္စည်း အရည်အသွေး ဈေးနှုန်းအတိုင်း ပေးသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်း မရှိပါက တင်ဒါအောင်မြင်သူကို ဈေးနှုန်းစိစစ်ညှိနှိုင်း အစည်းအဝေးတွင် ကြေညာပေးခြင်း၊

(ဃ) ရွေးချယ်မှု အဆင့်ဆင့်၊ နောက်ဆုံးရွေးချယ်သည့် ကုမ္ပဏီ၊ ပစ္စည်း၊ ဈေးနှုန်းများကို ပြန်ကြားရေး ဝန်ကြီးဌာန Website တွင် ထုတ်ပြန်ပေးခြင်း၊

(င) အထက်ပါပစ္စည်းဝယ်ယူရေး ဆောင်ရွက်ချက် အဆင့်ဆင့်ကို အနီးဆုံး ကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူခြင်း၊

(စ) ကော်မတီက ရွေးချယ်သည့် ကုမ္ပဏီနှင့် ပစ္စည်းဝယ်ယူသည့်ဌာနတို့ ပစ္စည်းဝယ်ယူရေးစာချုပ် ချုပ်ဆိုပြီးသည့်အခါ ပစ္စည်းများ ရောက်ရှိပါက ကုန်ဝယ်စာချုပ်ပါ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စိစစ်စေခြင်း၊

(ဆ) ကော်မတီသည် လိုအပ်လျှင် လိုအပ်သလို အခါအားလျော်စွာ သီးသန့်အစည်းအဝေးထိုင်ပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအဆုံးအဖြတ် ခံယူခြင်း။

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက် )

အမှတ် ၂၇ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေးကဏ္ဍ၏ လုပ်ငန်းစဉ်များကို သတင်းထုတ်ပြန်နိုင်ရေးအတွက် "ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့" ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်း လိုက်ပါသည် -

(က) ဦးတင့်ဆွေ — အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း-၀၆၇ - ၄၁၂၀၁၉)

(ခ) ဦးရဲနိုင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
(ဖုန်း-၀၆၇ - ၄၁၂၁၁၉၊ ၀၁-၃၉၈၆၈၄)

(ဂ) ဦးမျိုးမြင့်မောင် — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း-၀၆၇ - ၄၁၂၃၂၃)

(ဃ) ဦးကျော်ဇင်သန့် — အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန
(ဖုန်း-၀၆၇ - ၄၁၂၃၂၁)

ပြန်ကြားရေးဝန်ကြီးဌာန၏ Media Team (ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနနှင့် သက်ဆိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့် မှန်ကန်သော သတင်းများအား လက်ဦးမှုရယူထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်သွားရန်၊

(ခ) တိုးတက်ဖြစ်ပေါ် ပြောင်းလဲနေသည့် သတင်းနှင့်အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ စုစည်းပြုစုရန်၊

(ဂ) ပြင်ပပုဂ္ဂလိက စာနယ်ဇင်းမီဒီယာများမှ သိရှိလို၍ဖြစ်စေ၊ မရှင်းလင်း၍ဖြစ်စေ၊ အတည်ပြုနိုင်ရန် ဖြစ်စေ မေးမြန်းလာပါက ဝန်ကြီးဌာနကိုယ်စား တည့်မတ်မှန်ကန်စွာ ရှင်းလင်းဖြေကြား ဆောင်ရွက်သွားရန်၊

(ဃ) သတင်းအချက်အလက်များ စုစည်းထုတ်ပြန်ရာတွင် နိုင်ငံတော်မူဝါဒများနှင့်အညီ စိစစ်သုံးသပ်ပြီး လျှို့ဝှက်ထားရန်ဖြစ်သော (Confidential)၊ သတိကြီးစွာထားရသော (Sensitive) သတင်း အချက်အလက်များ ပါရှိမှု မရှိစေရေး အလေးထားရန်နှင့် ပြည်သူတို့သိသင့်သိထိုက်သည့် သတင်းနှင့် အချက်အလက်များကိုသာ ပြုစုထုတ်ပြန်ရန်၊

(င) သတင်းဦး၊ သတင်းထူးများ လက်ဦးမှု ရယူထုတ်လွှင့်ဖော်ပြရာတွင် ပြည်သူများသို့ အသိပေးချပြလိုသော အကြောင်းခြင်းရာများ၊ လက်ရှိဆောင်ရွက်နေမှုနှင့် အနာဂတ်အစီအမံများ၊ ပြည်သူတို့၏ မျှော်လင့်ချက်ကို ထင်ဟပ်စေသည့် အကြောင်းခြင်းရာများ၊ ပြည်သူများ၏ စိတ်အာဟာရကို ဖြည့်ဆည်းပေးနိုင်သည့် အကြောင်းခြင်းရာများအား မှန်ကန်တိကျခိုင်မာစွာနှင့် ပြည့်စုံစွာပြုစု၍ State Media နှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊

(စ) ထုတ်ပြန်သည့် သတင်းနှင့် အချက်အလက်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ မထိခိုက်စေရေး အထူးအလေးထားရန်၊

(ဆ) ထုတ်ပြန်မည့် သတင်းအချက်အလက်များသည် အဖွဲ့အစည်းတစ်ခုခုအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလည်းကောင်း ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေးနှင့် ဘာသာရေးနှင့် ပတ်သက်၍ ထိခိုက်စော်ကားမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ဇ) တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အထင်အမြင် လွဲမှားမှု မဖြစ်ပေါ်စေရေး၊ ကောင်းမွန်သော ဆက်ဆံမှုကို မထိခိုက်စေရေးနှင့် အခြားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အနှောင့်အယှက်မဖြစ်စေရေး အထူးဂရုပြုရန်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

၁။ ဤနည်းဥပဒေများအား **ဘက်စုံပို့ဆောင်ရေး နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"**(ဍ) ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ ၂၇၊ ၂၈၊ နည်းဥပဒေခွဲ (က) နှင့် (ဂ)၊ နည်းဥပဒေ ၉၉၊ ၁၀၀ နှင့် ၁၀၃ တို့တွင် ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန"** ဆိုသည့် စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကို ဆိုသည်။

(ခ) **ဆိပ်ကမ်းလုပ်ငန်း**ဆိုသည်မှာ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေလမ်းကြောင်းကောင်းမွန်စေရေး၊ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်ထွက်သွားလာနိုင်ရေးလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း ရေယာဉ်များဝင်ရောက် ဆိုက်ကပ်ခြင်း၊ ထွက်ခွာခြင်း၊ အသုံးပြုခြင်း၊ ကုန်စည်များ၊ ကုန်သေတ္တာနှင့် ဆက်စပ်သည့် လုပ်ငန်းများအပြင် အခြားဆိပ်ကမ်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။

(ဂ) **ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပေးသော လုပ်ငန်းလိုင်စင်တစ်မျိုးမျိုးရရှိသူ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်ရန် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က တာဝန်ပေးအပ်ခံရသူကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းသုံးစွဲသူ**ဆိုသည်မှာ ကုန်တင်ကုန်ချဆိပ်ကမ်းအတွင်း ကုန်စည်တင်ပို့သည့် ကိုယ်စား လှယ်များ၊ ပြည်ပကုန်စည်တင်ပို့သူများ၊ တင်သွင်းသူများ၊ ကုန်စည်လက်ခံရယူသူများ၊ ရေယာဉ် ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားအသုံးပြုသည့် ရေယာဉ်ပိုင်ရှင်များကို ဆိုသည်။

(င) **ဆိပ်ကမ်းအတွင်းသွားလာခွင့်**ဆိုသည်မှာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ စနစ်တကျ သွားလာနိုင်စေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(စ) **ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့်**ဆိုသည်မှာ နိုင်ငံတကာကုန်စည်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်း ပြည့်စုံသူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဆ) **ကုန်သေတ္တာထားသိုခွင့်**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်း နယ်နိမိတ်အတွင်း ကုန်သေတ္တာစခန်းများ၌ကုန်သေတ္တာများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားသိုရန်ထုတ်ပေးသောခွင့်ပြုချက်ကို ဆိုသည်။

(ဇ) **ဘေးအန္တရာယ်ရှိကုန်စည်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (International Maritime Organization- IMO) က ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဖြင့်

သယ်ယူသော ဘေးအန္တရာယ်ရှိ ကုန်စည်များဆိုင်ရာ ကိုဒ်ဥပဒေ (International Maritime Dangerous Goods-IMDG Code) ပါ ညွှန်ကြားချက်များနှင့် နောက်ဆက်တွဲ ထုတ်ပြန်ချက်များအရ သတ်မှတ်သည့် ကုန်စည်များကိုဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာနများက ဘေးအန္တရာယ်ရှိကုန်စည်ဖြစ်ကြောင်း သတ်မှတ်ထားသည့် ကုန်စည်ကိုဖြစ်စေ ဆိုသည်။

(ဈ) **ကုလသမဂ္ဂနံပါတ် (UN Number)** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ ကုန်စည်များအား အမျိုးအမည်ခွဲခြားရန်အတွက် ကုန်စည်တစ်ခုချင်းစီအလိုက် ကုလသမဂ္ဂကသတ်မှတ်ထားသော ဂဏန်းလေးလုံးပါနံပါတ်ကို ဆိုသည်။

(ည) **ကိရိယာတန်ဆာပလာ**ဆိုသည်မှာ စက်ယန္တရား၊ ရွေ့လျားစက်၊ မြေတူးစက်ကြီးများ၊ ဝန်ချီစက်၊ ဝန်မစက်၊ သစ်လုံးတင်စက်၊ မြေကော်စက်၊ ဝန်ဆွဲယာဉ်၊ ဝန်သွန်ချယာဉ်၊ ဝန်တင်လှည်း၊ ဆလင်ကြိုး၊ ဝန်မယာဉ် ချည်နှောင်ကြိုးများ၊ နှောင်ကွင်းများနှင့် လျှပ်စစ်သုံးပစ္စည်းများ စသည့် ကုန်တင်ကုန်ချလုပ်ငန်းနှင့် ကုန်ကိုင်တွယ်လုပ်ငန်းများတွင် အသုံးပြုသော လုပ်ငန်းသုံးပစ္စည်းများကို ဆိုသည်။

(ဋ) **အဆောက်အအုံ**ဆိုသည်မှာ ဆိပ်ခံတံတား၊ ကမ်းထိန်းနံရံ၊ လှိုင်းကာ၊ သိုလှောင်ရုံ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း စသည့် အဆောက်အအုံများကို ဆိုသည်။

(ဌ) **အပူပေးမီးပေးလုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်သံမှိုရိုက်ခြင်း၊ ဂဟေဆော်ခြင်း၊ မီးပေးဖြတ်တောက်ခြင်း သို့မဟုတ် မီးအပူပေးမီးမြှုက်ဆောင်ရွက်ရသော လုပ်ငန်းနှင့် လျှပ်စစ်ဖြင့် အပူပေးလုပ်ကိုင်ရသောလုပ်ငန်း သို့မဟုတ် မီးပွင့်၊ မီးပွားများကြားတွင် လုပ်ကိုင်ရသောလုပ်ငန်းကို ဆိုသည်။

(ဍ) **စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**ဆိုသည်မှာ လုပ်ငန်းလိုင်စင်၊ လုပ်ငန်းလုပ်ကိုင်ခွင့်၊ မှတ်ပုံတင်လက်မှတ်ခွင့်ပြုမိန့်တို့ကို ရပ်စဲခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ဆိုသည်။

## အခန်း (၂)
## ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေလမ်းကြောင်းများကောင်းမွန်စေရေးနှင့် ဆိပ်ကမ်းပိုင်နယ်မြေ မဆုံးရှုံးစေရေးတို့အတွက် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သဘာဝအလျောက်ကမ်းပြိုကမ်းစား၍ ရေလမ်းကြောင်းများပြောင်းလဲခြင်း သို့မဟုတ် ပြောင်းလဲစေရန်ပြုလုပ်မှုကြောင့် ရေလမ်းကြောင်း ပြောင်းလဲဖွယ်ရာတွေ့ရှိလျှင် ဆိပ်ကမ်းနယ်နိမိတ်များ မဆုံးရှုံးစေရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်နိုင်သည်။

၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် -

(က) ကမ်းပါးနယ်၊ ကမ်းနားနယ်တို့နှင့် တစ်ဆက်တည်းရှိနေသည့်ရေပြင်ကို လုပ်ငန်းလိုအပ်ချက်အရ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းကြောင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပေါ်ပေါက်လာသော မြေဧရိယာကို စီမံခန့်ခွဲနိုင်သည်။

(ခ) ရေကြောင်းပြောင်းလဲမှုကြောင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဖြစ်ပေါ်လာသော မြေနုကျွန်းများ၊ သဲသောင်များအပြင် သဘာဝအလျောက် ဖြစ်ပေါ်ခဲ့ပြီးသော ကျွန်းများကို စီမံခန့်ခွဲနိုင်သည်။

၅။ ရေယာဉ်များ ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ဝင်ထွက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ -

(က) မည်သည့် ပင်လယ်ကူးရေယာဉ်မဆို ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ၄၈ နာရီ ကြိုတင်၍ အကြောင်းကြားရမည်။

(ခ) ရေယာဉ်ဆိုက်ကပ်ခွင့်ပါ သတ်မှတ်ထားသည့် အချိန်နာရီ ပြောင်းလဲခြင်းကို သက်ဆိုင်ရာရေယာဉ်မှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူသို့ စာဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အချိန်နာရီပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် နောက်ကျခြင်းတို့အတွက် ဒဏ်ကြေးငွေကို သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(ဃ) အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ရေယာဉ်ဆိုက်ကပ်ခွင့်နေရာချ အစီအစဉ်ဇယားကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူကဖြစ်စေ ပြင်ဆင်ခွင့်ရှိသည်။

(င) နည်းဥပဒေခွဲ (ဃ) အရ ရေယာဉ်ဆိုက်ကပ်ခွင့် နေရာချ အစီအစဉ်ဇယားပါ ပြင်ဆင်အကြောင်းကြားချက်ကို လိုက်နာဆောင်ရွက်မှု မရှိခြင်းကြောင့် ဆုံးရှုံးနစ်နာမှုများရှိလျှင် သက်ဆိုင်ရာရေယာဉ်က တာဝန်ယူရမည်။

(စ) ဆိပ်ကမ်းတံတားများတွင်ဖြစ်စေ၊ ရေလယ်၌ကျောက်ချ၍ဖြစ်စေ၊ ရေလယ်ဘွိုင်များ၌ ချည်နှောင်၍ဖြစ်စေ ရေယာဉ်များပေါ်တွင် အပူပေး မီးပေးလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခြင်းအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ဆ) တရားဝင် ခွင့်ပြုချက်မရရှိပါက ရေပြည့်မျဉ်းအမှတ်အောက်တွင် ကမ်းထိုးခြင်း၊ လွန်းတင်ပြင်ဆင်ခြင်း မပြုလုပ်ရ။

(ဇ) တရားဝင်ခွင့်ပြုချက်မရှိသည့် ရေယာဉ်ဆိုက်ကပ်ရန်နေရာ၊ ဆိပ်ခံတံတား၊ ဆင်းတက်ရန်နေရာ၊ ရေလယ်ကျောက်ချရပ်၊ ရေလယ်ဖော်ယာနှင့် တံတားဦးတိုများတွင် ရေယာဉ်ဆိုက်ကပ်ခြင်း၊ ချည်နှောင်ခြင်း၊ ကုန်တင်ခြင်း၊ ကုန်ချခြင်း သို့မဟုတ် ကျောက်ချခြင်း မပြုလုပ်ရ။

၆။ ရေယာဉ်မှူးနှင့် ရေယာဉ်ပိုင်ရှင်တို့သည် ဆိပ်ကမ်းတံတားတွင် ရေယာဉ်ဆိုက်ကပ်သည့်အခါ -

(က) နိုင်ငံတကာက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်များပါရှိလာပါက တင်ချရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ ကုန်ကိုင်တွယ် ကိရိယာများနှင့် အခြားလိုအပ်သော ကိရိယာတန်ဆာပလာများကို ဖြည့်ဆည်းပေးရမည်။

(ခ) မီးလောင်လျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စပေါ်ပေါက်လျှင်ဖြစ်စေ၊ လုပ်ငန်းလိုအပ်ချက်အရ ထွက်ခွာစေလျှင်ဖြစ်စေ အချိန်မရွေး ဆိပ်ကမ်းမှ အန္တရာယ်ကင်းစွာ ထွက်ခွာနိုင်ရေးအတွက် စနစ်တကျ ကြိုတင်စီမံထားရှိရမည်။

၇။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် ကိုယ်စားလှယ်သည် -

(က) ရေယာဉ်၏ ကုန်ပါစာရင်းကို ရေယာဉ်မဆိုက်ကပ်မီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသို့ ကြိုတင် တင်ပြရမည်။

(ခ) ရေယာဉ်ထွက်ခွာခွင့်လက်မှတ်ကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံမှ ရယူရမည်။

## အခန်း (၃)
## ဘေးအန္တရာယ်ရှိကုန်စည်များ စီမံခန့်ခွဲခြင်း

၈။ ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူများနှင့် ဆိပ်ကမ်းသုံးစွဲသူများသည် ဘေးအန္တရာယ်ရှိ ကုန်စည်များကို ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ရေယာဉ်ပြောင်းတင်ခြင်းများ ဆောင်ရွက်ပါက -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်ခွင့်ပြုချက်ရယူ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဘေးအန္တရာယ်ရှိ ပစ္စည်း၊ အဆိပ်အတောက်နှင့် ညစ်ညမ်းစေတတ်သောပစ္စည်း တစ်ခုခု ဖိတ်စဉ်ပါက လိုအပ်သော သတင်းအချက်အလက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကြောင်းကြား၍ ဖြစ်ပေါ်လာသည့်အန္တရာယ်ကို ထိန်းချုပ်ဆောင်ရွက်ရမည်။ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များခေါ်ယူ၍ အန္တရာယ်ကို ကာကွယ်ရန်နှင့် ကုန်ကျစရိတ်ကို ကျခံရမည်။

၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဖြင့်သယ်ယူသော ဘေးအန္တရာယ်ရှိကုန်စည်များဆိုင်ရာ ကိုဒ‌ဥပဒေ (International Maritime Dangerous Goods-IMDG Code) ပါ အမျိုးအစားကို အခြေခံ၍ အုပ်စုသုံးမျိုး ခွဲခြားပြီး အဆိုပါ အုပ်စုများတွင်ပါဝင်သော ဘေးအန္တရာယ်ရှိ ကုန်စည်များစာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

၁၀။ နည်းဥပဒေ ၉အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်သော -

(က) အုပ်စု (၁) တွင်ပါဝင်သည့် ဘေးအန္တရာယ်ရှိကုန်စည်များ သယ်ဆောင်လာသော ရေယာဉ်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စာဖြင့်ခွင့်ပြုချက်မရှိဘဲ ဆိပ်ကမ်းတံတားများတွင် ဆိုက်ကပ်ခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း၌ ည ၆း၀၀ နာရီ မှ နံနက် ၆း၀၀ နာရီအတွင်း တင်ချခြင်း မပြုရ။

(ခ) အုပ်စု (၂) တွင် ပါဝင်သည့် ဘေးအန္တရာယ်ရှိကုန်စည်များကို သယ်ဆောင်လာသော ရေယာဉ်များသည် -

(၁) ကုန်စည်များကို ဆိပ်ကမ်းအတွင်း တင်ချသည့်အခါ ရေယာဉ်တစ်စီးမှ အခြားရေယာဉ်တစ်စီးသို့ဖြစ်စေ၊ ရေယာဉ်မှ မော်တော်ယာဉ်ပေါ်သို့ဖြစ်စေ၊ မော်တော်ယာဉ်မှ ရေယာဉ်ပေါ်သို့ ဖြစ်စေ တိုက်ရိုက်သယ်ဆောင်ရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) ပါ ကုန်စည်များကို ဆိပ်ကမ်းတံတားအတွင်း ယာယီထားသိုခြင်း သို့မဟုတ် စုပုံခြင်း ပြုလုပ်လိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏စာဖြင့် ခွင့်ပြုချက် ရယူရမည်။

(ဂ) အုပ်စု (၂) တွင် ပါဝင်သည့် ကုန်သေတ္တာအတွင်း ထည့်သွင်းထားသော စက်ကိရိယာဖြင့် ကိုင်တွယ်နိုင်သည့် ဘေးအန္တရာယ်ရှိကုန်စည်များမှတစ်ပါး ဤအုပ်စုပါ အခြားကုန်စည်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စာဖြင့် ခွင့်ပြုချက်မရှိပါက ည ၆း၀၀ နာရီ မှ နံနက် ၆း၀၀ နာရီအတွင်း ကုန်တင်ကုန်ချ ဆောင်ရွက်ခြင်းမပြုရ။

(ဃ) အုပ်စု (၃) တွင် ပါဝင်သည့် ဘေးအန္တရာယ်ရှိကုန်စည်များကို သယ်ဆောင်လာသော ရေယာဉ်များသည် ကုန်စည်များကို ဆိပ်ကမ်းအတွင်း တင်ချခြင်း၊ ခေတ္တထားသိုခြင်း ပြုလုပ်သည့်အခါ သက်ဆိုင်ရာကုန်စည်ပိုင်ရှင်သည် ယင်းကုန်စည်များကို သုံးရက်အတွင်းဆိပ်ကမ်းမှ ရှင်းလင်းထုတ်ယူရမည်။

(င) အုပ်စု (၃) တွင် ပါဝင်သည့် ဘေးအန္တရာယ်ရှိ ကုန်စည်များကို နည်းဥပဒေခွဲ (ဃ) အရ ရှင်းလင်းထုတ်ယူခြင်း မပြုလျှင် သက်ဆိုင်ရာဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူက ကုန်စည်ပိုင်ရှင်၏ ကုန်ကျစရိတ်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရှင်းလင်းဖယ်ရှားရမည်။

၁၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ဆီတင်ရေယာဉ်၊ ရေနံတင်ရေယာဉ်များနှင့် ဆီတင်ချတံတားများကို အပြည်ပြည်ဆိုင်ရာဆီတင်ရေယာဉ်နှင့် တံတားများ လိုက်နာရမည့် ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက် International Safety Guide for Oil Tankers and Terminals (ISGOTT) ကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်မှု ပြုနိုင်သည်။

၁၂။ ရေယာဉ်၏ ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးသည် ဘေးအန္တရာယ်ရှိ ကုန်စည်များနှင့်စပ်လျဉ်း၍ -

(က) အပြည်ပြည်ဆိုင်ရာရေကြောင်းဖြင့်သယ်ယူသော ဘေးအန္တရာယ်ရှိ ကုန်စည်များဆိုင်ရာ ကိုဒ်ဥပဒေ (IMDG Code) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပစ္စည်း၏ဓာတုဗေဒ အမည် (Chemical Name)၊ ပမာဏ (Amount)၊ အမျိုးအစား (Class)၊ ကုလသမဂ္ဂနံပါတ် (UN Number) တို့ကို ရေယာဉ်မဝင်ရောက်မီ ၇၂ နာရီ ကြိုတင်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ တရားဝင် အကြောင်းကြားရမည်။

( ခ ) ရေယာဉ်ပေါ်သို့ တင်ချသည့်အခါ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ သတ်မှတ်ချက်နှင့်အညီ ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်းတို့ကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

( ဂ ) ဘေးအန္တရာယ်ရှိကုန်စည်များ ထည့်သွင်းထားသော ကုန်သေတ္တာနှင့် အထုပ်အပိုးများ ပေါက်ပြဲခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ယိုစိမ့်ခြင်း ဖြစ်ပေါ်ပါက -

(၁) ဆိပ်ကမ်းများသို့ ဝင်ရောက်မည့် ရေယာဉ်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ဆောလျင်စွာ သတင်းပို့ရမည်။

(၂) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရောက်ရှိပြီး ရေယာဉ်များသည် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတတ်နိုင်ဆုံး တားဆီးထိန်းချုပ်၍ သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်ကို လိုက်နာရမည်။

(၃) ဆိပ်ကမ်းတံတားများတွင် ဆိုက်ကပ်ထားသည့်ရေယာဉ်များသည် ကုန်တင်ကုန်ချလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်း၍ သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) အပူပေး မီးပေးလုပ်ငန်းများတွင် အသုံးပြုသော ဓာတ်ငွေ့ ဆလင်ဒါအိုးများကို မြင်သာသော နေရာတွင်ထားရှိပြီး ဓာတ်ငွေ့ယိုစိမ့်မှုမရှိစေရေးအတွက် လုံခြုံစွာ ပိတ်ဆို့ထားရမည်။

( င ) ဘေးအန္တရာယ်ရှိသည့် ရေနံ၊ ဓာတ်ဆီ၊ လေယာဉ်ဆီ သို့မဟုတ် ပေါက်ကွဲစေတတ်သောပစ္စည်းများ တင်ချခြင်း ပြုလုပ်နေစဉ် နေ့အချိန်၌ ဦးပိုင်းရွက်တိုင်ထိပ် (FORE MASTHEAD) တွင် ''B'' အလံကို လွှင့်တင်၍ ညအချိန်တွင်မီးနီတစ်လုံးကို ထွန်းညှိထားရမည်။

၁၃။ ဘေးအန္တရာယ်ရှိ ကုန်စည်တင်ဆောင်ထားသော ရေယာဉ်ပေါ်တွင် -

(က) မီးလောင်လွယ်သည့် ပစ္စည်းများထားသိုခြင်း၊ တင်ချခြင်း မပြုရ။

( ခ ) မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ဂဟေဆော်ခြင်း၊ မီးအသုံးပြုခြင်း၊ လျှပ်စစ်သံမှိုရိုက်ခြင်း စသည့် မီး သို့မဟုတ် လျှပ်စစ်ဖြင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုလျှင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက် ရယူရမည်။

## အခန်း (၄)
## ဆိပ်ကမ်းကုန်တင်ကုန်ချ လုပ်ငန်းဆောင်ရွက်ခြင်း

၁၄။ (က) ကုန်သေတ္တာများ၊ ကုန်စည်များကို ထုပ်ပိုးပုံအမြင်အတိုင်းသာ လက်ခံခြင်းဖြစ်၍ အတွင်းရှိပစ္စည်းများ ပျက်စီးခြင်း၊ လျော့နည်းခြင်း၊ ပျောက်ဆုံးခြင်းများအတွက် လျော်ကြေးပေးရန် ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူတွင် တာဝန်မရှိစေရ။

( ခ ) ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်စဉ် ကုန်စည်ထုပ်ပိုးမှု ခိုင်ခံ့မှုမရှိခြင်း၊ ကုန်ပေါက်အတွင်း ကုန်စည်များ စနစ်တကျထားသိုမှုမရှိခြင်း၊ ရေယာဉ်၏ စက်ပစ္စည်းချို့ယွင်းမှုစသော အကြောင်းတစ်ခုခုကြောင့် ကုန်စည်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ကုန်တင်ကုန်ချယာဉ်များ ထိခိုက်ပျက်စီးမှုအတွက် ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူတွင် တာဝန်မရှိစေရ။

၁၅။ (က) ဆိပ်ကမ်းတံတားတွင် ချယူထားရှိသော သွင်းကုန်ပစ္စည်းများကို အောက်ပါ အထောက်အထား ပြည့်စုံမှသာ သွင်းကုန်ထုတ်ကုန်ပစ္စည်းများ ထုတ်ယူခွင့်ပြုရမည် -

(၁) သက်ဆိုင်ရာ ရေယာဉ်ကိုယ်စားလှယ်က ထုတ်ပေးသည့် ကုန်ထုတ်ခွင့်လက်မှတ်၊

(၂) ကုန်စည်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကုန်စည်ပိုင်ရှင်က ဆိပ်ကမ်းဝန်ဆောင်ခ ပေးသွင်းခဲ့သည့် ငွေရပြေစာ၊

(၃) သွင်းကုန်ပစ္စည်း ထုတ်ယူခွင့်ပြုကြောင်း အကောက်အခွန်ဦးစီးဌာနမှ အကောက်ခွန် အရာရှိက လက်မှတ်ရေးထိုးထားသော စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ အကြောင်းကြားချက်။

(ခ) ဆိပ်ကမ်းတံတားသို့ ရောက်ရှိလာသည့် ပို့ကုန်ပစ္စည်းများကို ရေယာဉ်ပေါ်သို့ တင်ဆောင် ပေးရာတွင် သက်ဆိုင်ရာရေယာဉ်ကိုယ်စားလှယ် သို့မဟုတ် ကုန်ပိုင်ရှင် သို့မဟုတ် ကုန်တင် ပို့သူက ကုန်စည်များနှင့် စပ်လျဉ်း၍ ဆိပ်ကမ်းဝန်ဆောင်ခ ပေးသွင်းပြီးသည့် ငွေရပြေစာနှင့် အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်တင်ပို့ခွင့်ပြုကြောင်း အကောက်ခွန်အရာရှိမှ လက်မှတ်ရေး ထိုးထားသော စာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ အကြောင်းကြားချက် ပြည့်စုံခြင်းမရှိလျှင် ကုန်စည်များကို ရေယာဉ်ပေါ်သို့ တင်ပို့ခြင်း မရှိစေရ။

၁၆။ ကုန်စည်အတင်အချဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်ပိုင်ရှင်ကိုယ်စား ကြီးကြပ်ဆောင်ရွက်ခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရှိသူများဖြင့် ဆောင်ရွက်ရမည်။

၁၇။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရေယာဉ်ပေါ်မှ ကုန်စည်များ အတင်အချပြုလုပ်ခြင်းကို ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော အလုပ်သမားမဟုတ်သူများဖြင့် ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုလျှင် သက်ဆိုင်ရာရေယာဉ်မှူး သို့မဟုတ် ကုန်ပိုင်ရှင်၏ တာဝန်ယူမှုဖြင့် ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသော ကုန်တင်ကုန်ချခကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွင်းရမည်။

၁၈။ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူများသည် ပင်လယ်ကူးရေယာဉ်များ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်၊ ကုန်သေတ္တာများထားသိုရန် လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် အခြားအထောက်အကူပြုလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိလိုသူများသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လျှောက်ထားရမည်။

## အခန်း (၅)

## ဆိပ်ကမ်းဝန်ဆောင်ခနှင့် အခကြေးငွေများ ရယူကောက်ခံခြင်း

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းဝန်ဆောင်ခများကိုသတ်မှတ်ရာတွင် အောက်ပါ ဝန်ဆောင်ခများကို ထည့်သွင်းသတ်မှတ်ပေးရမည် -

(က) ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်ခ၊

(ခ) ရေကြောင်းပြခ၊ ရေယာဉ်ကပ်ခ၊ မြစ်ကြောင်းထိန်းသိမ်းခ၊ စောင့်ဆိုင်းခ၊ ကြန့်ကြာခ၊ ရေယာဉ်ငှားခ၊ ဆယ်ယူခ၊ မီးပြခနှင့် ရေငုပ်သမားငှားခ၊

(ဂ) ရေယာဉ်ရွှေ့ပြောင်းခ၊ ရေယာဉ်ဝမ်းစာများစွန့်ပစ်ခ၊ ရေယာဉ်ပြုပြင်ခ၊ ဆိပ်ကမ်းတံတားအသုံးပြုခ၊ ကုန်သေတ္တာဆိုင်ရာ အခကြေးငွေနှင့် နှောင့်နှေးခ၊

(ဃ) ဝန်ချီစက်၊ ဝန်မစက်၊ သစ်လုံးတင်စက်၊ မြေကော်စက်၊ ဝန်ဆွဲယာဉ်၊ ဝန်သွန်ချယာဉ်၊ ဝန်တင်လှည်းနှင့် ကုန်တင်၊ ကုန်ချပြုလုပ်ရာတွင် အသုံးပြုသည့် ဆလင်ကြိုးငှားခများ၊ ကြိုးချည်ဂိုဏ်း ငှားရမ်းခ၊

(င) ကုန်တင် ကုန်ချ အလုပ်သမားခ၊

(စ) ဝန်ကြီးဌာနက သတ်မှတ်သော အခြားဝန်ဆောင်ခ။

၂၀။ (က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တည်ဆောက်-လုပ်ကိုင် -လွှဲပြောင်း (B.O.T) စနစ်၊ ဖက်စပ် (J.V) စနစ်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်နှင့် သီးခြားစာချုပ် ချုပ်ဆိုသည့် ဆိပ်ကမ်းလုပ်ငန်းများမှတစ်ပါး အခြားအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်နေသူများသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ခိုင်ကြေး (Royalty Fees) အဖြစ် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း စုစုပေါင်းဝင်ငွေ (Total Gross Revenue) ၏ ငါးရာခိုင်နှုန်းကို ပေးသွင်းရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပေးသွင်းသည့် ခိုင်ကြေးများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (B.O.T) စနစ်ဖြင့် ချုပ်ဆိုသောစာချုပ်များအရ မြေငှားရမ်းခ ပေးသွင်းခြင်းများ မှန်ကန်မှု ရှိ မရှိ ကို ဌာနတွင်း စာရင်းစစ်အဖွဲ့က နှစ်စဉ်စစ်ဆေးရမည်။

၂၁။ ပင်လယ်ကူးရေယာဉ်များ၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်သည် ဆိပ်ကမ်းများတွင် ဆိပ်ကမ်းဝန်ဆောင်ခကို ရေယာဉ်မဆိုက်ကပ်မီ အနည်းဆုံး သုံးရက် ကြိုတင်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရမည်။

၂၂။ (က) ဆိပ်ကမ်းသုံးစွဲသူသည် ရေယာဉ်ပေါ်မှ ကုန်စည်များကို ချပေးပြီးနောက်တွင် ဖြစ်စေ၊ ဆိပ်ကမ်းတံတားများတွင် ချယူလက်ခံထားသည့် သွင်းကုန်ပစ္စည်းများကို ထုတ်ယူခြင်းမပြုမီ ဖြစ်စေ၊ တစ်ဆင့်လွှဲပြောင်း ကုန်စည်များကို ရေယာဉ်ပေါ်သို့ ထပ်မံတင်ပို့ခြင်းမပြုမီဖြစ်စေ၊ ပို့ကုန်ပစ္စည်းများကို ရေယာဉ်ပေါ်သို့ မတင်ဆောင်မီဖြစ်စေ ဆိပ်ကမ်းဝန်ဆောင်ခ ပေးသွင်းရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူသည် နည်းဥပဒေခွဲ (က) အရ ပေးသွင်းရမည့် ဆိပ်ကမ်းဝန်ဆောင်ခများ အပြေအကျေ ရသည့်အချိန်အထိ ကုန်စည်ကို လက်ဝယ်ထိန်းသိမ်းထားနိုင်သည်။

၂၃။ (က) ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူသည် ရရန်ရှိသည့် ဆိပ်ကမ်းဝန်ဆောင်ခများ၊ ဒဏ်ကြေးငွေများနှင့် နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေများ တောင်းခံခြင်းကို သက်ဆိုင်ရာရေယာဉ်မှူးက ပေးဆောင်ရန်ငြင်းဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကြောင်းကြားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နည်းဥပဒေခွဲ (က) အရ ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူ၏ အကြောင်းကြားချက်ရရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်သည်။

## **အခန်း (၆)**
## **လေလံတင်ရောင်းချခြင်း**

၂၄။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူသည် အပ်နှံထားသော ကုန်စည်များကို စတင်လက်ခံထိန်းသိမ်းသည့်နေ့မှ နှစ်လကျော်လျှင် အဆိုပါကုန်စည်များကို လေလံစာရင်းဝင် ကုန်စည်အဖြစ် စာရင်းပြုစု၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ တင်ပြရမည်။

၂၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက လေလံစာရင်းဝင်ကုန်စည်ကို လေလံတင် ရောင်းချရမည် -

(၁) မိမိက သင့်လျော်သည်ဟု ထင်မြင်သည့် အချိန်ကာလ၊

(၂) ကုန်စည်ပိုင်ရှင်က ကုန်စည်ကို စွန့်လွှတ်ကြောင်း တင်ပြခြင်း၊

(၃) သက်ဆိုင်ရာဆိပ်ကမ်းတံတား သို့မဟုတ် သင်္ဘောလိုင်းကဖြစ်စေ၊ ကုန်စည်နှင့်စပ်လျဉ်း၍ အခွန်အခရရန်ရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ဖြင့် တောင်းဆိုခြင်း။

(ခ) နည်းဥပဒေခွဲ (က) အရ လေလံတင်ရောင်းချရာတွင် ကုန်စည်အားလုံးကိုဖြစ်စေ၊ ပေးဆောင်ရမည့် ဆိပ်ကမ်းဝန်ဆောင်ခများ၏ လုံလောက်သည့်ပမာဏကိုဖြစ်စေ လေလံတင် ရောင်းချနိုင်သည်။

၂၆။ (က) ကုန်စည်၏ ပိုင်ရှင်သည် လေလံတင်ရောင်းချခြင်းမပြုရသေးသည့် လေလံစာရင်းဝင် ကုန်စည်များကို ထုတ်ယူလိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အထောက်အထားစာရွက်စာတမ်း အပြည့်အစုံဖြင့် လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နည်းဥပဒေခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်၍ အထောက်အထားစာရွက်စာတမ်း ပြည့်စုံကြောင်းတွေ့ရှိပါက လေလံစာရင်းမှ ပယ်ဖျက်၍ သာမန်ကုန်ထုတ်နည်းအတိုင်း ထုတ်ယူခွင့်ပြုနိုင်သည်။

၂၇။ လေလံစာရင်းဝင်ကုန်စည်များ လေလံတင်ရောင်းချခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ရမည်။

၂၈။ လေလံစာရင်းဝင်ကုန်စည်များသည် အများပြည်သူသုံးစွဲရန်မသင့်သော သက်တမ်းလွန်ကုန်စည်များ ဖြစ်ပါက ကုန်စည်လက်ခံထားရှိသည့် သက်ဆိုင်ရာဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူက မိမိ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ကုန်ပိုင်ရှင်ထံမှ တောင်းခံရမည်။

၂၉။ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်သူသည် -

(က) ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်ဖြစ်လျှင် အဆိုပါ ကုန်စည်ကို ရေယာဉ်ပေါ်မှချပြီးနောက် ၂၄ နာရီကျော်လွန်ပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုဖြင့် သင့်လျော်သော နည်းလမ်း အတိုင်း ဖျက်ဆီးခြင်းဖြစ်စေ၊ ရောင်းချခြင်းဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို ချက်ချင်း ရောင်းချရန် သို့မဟုတ် ဖျက်ဆီးရန် လိုအပ်ပါက ကုန်ပိုင်ရှင်ထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ရာတွင် စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ ပေးပို့ခြင်းတို့အား တရားဝင်အထောက်အထားအဖြစ် မှတ်ယူရမည်။

(ဃ) ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်ကို သင့်လျော်သော နည်းလမ်းဖြင့် ဖျက်ဆီးခြင်းအတွက် ကုန်ကျစရိတ်ကို သက်ဆိုင်ရာကုန်စည်ပိုင်ရှင်ထံမှ တောင်းခံရမည်။

၃၀။ ကုန်စည်ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ကုန်စည်လက်ခံမည့် ပုဂ္ဂိုလ်သည် ဆိပ်ကမ်းသို့ ကုန်စည်ရောက်ရှိသည့်နေ့မှ တစ်နှစ်ပြည့်သည့်နေ့အထိ လာရောက်ထုတ်ယူခြင်းမရှိပါက ယင်း၏ ကုန်စည်များကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် လေလံတင်ရောင်းချရငွေနှင့်စပ်လျဉ်း၍ အောက်ပါဦးစားပေး အစီအစဉ်အတိုင်း စီမံခန့်ခွဲရမည် -

(က) လေလံတင်ရောင်းချခြင်းအတွက် ကုန်ကျစရိတ်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးချေခြင်း၊

(ခ) လေလံတင်ရောင်းချရငွေ၏ ၁၀% ကို ဝန်ဆောင်မှုစရိတ်အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးချေခြင်း၊

(ဂ) ကုန်တင်ခ၊ ကုန်စည်တင်ဆောင်ကြည့်ရှုခ၊ ကုန်စည်ဆုံးရှုံးမှုတွင် ကုန်တင်သူတို့က ခွဲဝေကျခံငွေ များအား ပေးချေခြင်း၊

(ဃ) လေလံတင်ရောင်းချသည့် ကုန်စည်များအတွက် နိုင်ငံတော်မှရသင့်သည့် အခွန်အခကို သက်ဆိုင်ရာ အစိုးရဌာနသို့ ပေးချေခြင်းနှင့် သက်ဆိုင်ရာဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်သူသို့ ရသင့်သည့် ဆိပ်ကမ်းဝန်ဆောင်ခများ ပေးချေခြင်း၊

(င) လေလံတင်ရောင်းချရာမှ ပိုငွေရှိလျှင် ယင်းပိုငွေကို ကုန်တင်သွင်းသူ၊ ကုန်စည်ပိုင်ရှင်နှင့် ကုန်လက်ခံသူ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များက စာဖြင့်ကုန်စည်ဆိပ်ကမ်းရောက်ရှိသည့်နေ့မှ တစ်နှစ်အတွင်း တောင်းခံလာပါက အထောက်အထားပြည့်စုံလျှင်ထုတ်ပေး၍ သတ်မှတ်ကာလတစ်နှစ်အတွင်း တောင်းခံမှုမရှိပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ထည့်သွင်းခြင်း။

## အခန်း (၇)

## ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလမ်းကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း

၃၂။ ရေကြောင်းပြမှူးကြီးသည် ဆိပ်ကမ်းသို့ ဝင်ရောက်ထွက်ခွာသော ရေယာဉ်များနှင့် ရေလမ်းကြောင်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာရေယာဉ်မှူးအား ရေယာဉ်မောင်းနှင်နေစဉ်အတွင်း သင့်လျော်သောရေကြောင်းဆိုင်ရာ အကြံပြုချက်များပေးရန် အဓိကတာဝန်ရှိသည်။

၃၃။ ရေကြောင်းပြမှူးကြီး တာဝန်ယူထားသည့် ရေယာဉ်မှတစ်ပါး အခြားမည်သည့် ရေယာဉ်မျှ ကျောက်ချရန် သတ်မှတ်ထားခြင်းမရှိသည့် ရေလမ်းကြောင်းပေါ်တွင် ကျောက်ချထားခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပိတ်ဆို့ခြင်း မပြုရ။

၃၄။ ရေကြောင်းပြမှူးကြီး၏ ရေကြောင်းပြတာဝန်သည် အောက်ပါအခြေအနေများတွင် ပြီးဆုံးသည် -

(က) သတ်မှတ်ထားသည့် တာဝန်ပြီးဆုံးချိန်၊

(ခ) ရေကြောင်းပြဆင်းရပ် (Pilot Disembarkation Ground) သို့ ရောက်ရှိပြီး သက်ဆိုင်ရာ ရေယာဉ်မှူးက ရေယာဉ်မောင်းနှင်ခြင်းတာဝန်ကို လွှဲပြောင်းရယူပြီးချိန်၊

(ဂ) ရေယာဉ်ကျောက်ချအခြေပြုခြင်း၊ ဖော်ယာချည်နှောင်ခြင်း၊ တံတားဆိုက်ကပ်ခြင်းများကို စနစ်တကျ ပြီးဆုံးအောင် ဆောင်ရွက်ပြီးနောက် ရေယာဉ်မှူးက လက်ခံအတည်ပြုချိန်၊

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ) တို့နှင့် အကျုံးမဝင်သော အခြေအနေများအတွက် သက်ဆိုင်ရာရေယာဉ်မှ ပြန်လည်ထွက်ခွာရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ညွှန်ကြားချက်ကို ရေကြောင်းပြမှူးကြီးက လက်ခံရရှိချိန်။

၃၅။ ဥပဒေ ပုဒ်မ ၅၇ အရ ရေကြောင်းပြမှူးကြီး၏ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရေကြောင်းပြ လုပ်ငန်းအပေါ် ဥပဒေနှင့်အညီ အကြံပေးချက်ကို ရေယာဉ်မှူးက ဆောင်ရွက်ရန် ငြင်းဆိုသောကြောင့် ရေယာဉ်တွင်ပေါ်ပေါက်လာသော ဆုံးရှုံးနစ်နာမှုများအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းပြမှူးကြီးတို့တွင် တာဝန်မရှိစေရ။

၃၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ ရေကြောင်း ကျပ်တည်းမှု မရှိစေရေးနှင့် စနစ်တကျသွားလာနိုင်ရေးအတွက် ဆိပ်ကမ်းအတွင်းသွားလာခွင့် ခွင့်ပြုမိန့်ကို စိစစ်၍ ထုတ်ပေးရမည်။ မည်သည့်ရေယာဉ်မဆို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပေးသည့် ဆိပ်ကမ်းအတွင်း သွားလာခွင့် ခွင့်ပြုမိန့်ရှိမှသာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာရမည်။

၃၇။ ဆိပ်ကမ်းနယ်နိမိတ်အတွင်း အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ၏ ရေလမ်းကြောင်းတွင် သွားလာ နေသော ပြည်တွင်းသွား ရေယာဉ်များသည် -

(က) ရေယာဉ်ကြီးများကို ဦးစားပေး၍ ရေလမ်းကြောင်းမှ ဖယ်ရှားပေးရမည်။

(ခ) ရေယာဉ်ကြီးများ၏ ဥသြ၊ မီးအချက်ပြ စသည့် အသိပေးမှုများကို လိုက်နာရမည်။

## အခန်း (၈)
## ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စီမံခန့်ခွဲခြင်း

၃၈။ ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးထားသော ကျန်းမာရေးအရာရှိသည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိုက်ကပ်လာသည့် ရေယာဉ်ကို ကျန်းမာရေးကြီးကြပ်စောင့်ရှောက်မှု ဆောင်ရွက်ရာတွင် အများပြည်သူ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်းကိုလည်းကောင်း၊ အနှောင့်အယှက် ဖြစ်စေနိုင်ကြောင်းကို လည်းကောင်း တွေ့ရှိလျှင် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက် (International Health Regulations) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာနခွဲသို့ ချက်ချင်းသတင်းပို့၍ ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၉)
## ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များစီမံခန့်ခွဲခြင်း

၃၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမှုဆောင်အရာရှိချုပ်သည် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးစာရင်းများနှင့် လစဉ်ဘဏ္ဍာငွေ အရအသုံးစာရင်းတို့ကို အုပ်ချုပ်မှုအဖွဲ့သို့ တင်ပြရမည်။

၄၀။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာရေးအထွေထွေမန်နေဂျာသည် -

(၁) ငွေကြေးရယူခြင်း၊ ပေးချေခြင်း၊ ထိန်းသိမ်းခြင်း၊ စာရင်းဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှုဆောင်အရာရှိချုပ်ကို တာဝန်ခံ၍ ဆောင်ရွက်ရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာ ရငွေပေးငွေစာရင်း၊ ဝင်ငွေနှင့်အသုံးစရိတ်စာရင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန် တာဝန်များစာရင်း၊ ဘဏ္ဍာရန်ပုံငွေလက်ကျန်အခြေအနေများကို လအလိုက်၊ ဘဏ္ဍာရေးနှစ် အလိုက် ပြုစု၍ အမှုဆောင်အရာရှိချုပ်ထံ တင်ပြရမည်။

(၃) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ခံဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေမန်နေဂျာများသည် အမှုဆောင်အရာရှိချုပ်က ပေးအပ်သော ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရမည်။

၄၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ငွေစုစာရင်းများ၊ ငွေစုလက်မှတ်များ၊ ငွေတိုက်လက်မှတ်များ စသည်တို့ကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရမည်။

(ခ) အမြဲတမ်းဆောင်ထားငွေ၊ အသေးသုံးဆောင်ထားငွေ၊ လုပ်ငန်းအတွက် ကြိုတင်ထုတ်ယူငွေများနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်သူများ ကိုင်ဆောင်သုံးစွဲရမည့် ငွေပမာဏကို သတ်မှတ်ပြီး ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၂။ ပြင်ပဆိပ်ကမ်းများသည် -

(က) သတ်မှတ်ထားသော ထိန်းသိမ်းထားရှိရမည့် ဘဏ္ဍာရန်ပုံငွေမှ ပိုငွေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရန်ကုန်ရုံးချုပ်သို့ အပ်နှံရမည်။

(ခ) လိုငွေပေါ်ပေါက်ပါက အမှုဆောင်အရာရှိချုပ်၏ သဘောတူခွင့်ပြုချက်ဖြင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ရန်ကုန်ရုံးချုပ်မှ ငွေလွှဲပြောင်းပေးပို့ဆောင်ရွက်ရမည်။

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဌာန၊ ဌာနခွဲများနှင့် ပြင်ပဆိပ်ကမ်းဌာနများသည် ရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ၊ သိုလှောင်ပစ္စည်းများ၏ တန်ဖိုးနှင့် သက်သေခံအထောက်အထားများကို စနစ်တကျမှတ်တမ်းပြု ထိန်းသိမ်းထားရှိရမည်။

၄၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဝန်ထမ်းများ အငြိမ်းစားယူချိန်၌ စုဆောင်းငွေ ဖြစ်ပေါ်စေရန် ဝန်ထမ်းလစဉ်လစာ၏ သင့်လျော်သောရာခိုင်နှုန်းကို ဝန်ထမ်းကလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်းကောင်း လစဉ်အချိုးကျထည့်ဝင်၍ လုပ်သက်ဆုကြေးရန်ပုံငွေအဖြစ် စုဆောင်းထားရှိပြီး အငြိမ်းစားယူချိန်တွင် သက်ဆိုင်ရာဝန်ထမ်း၏ စုဆောင်းငွေကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)
## အခကြေးငွေနှင့် ချီးမြှင့်ငွေ

၄၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) နှင့်အညီ အရာထမ်း၊ အမှုထမ်းများ၏ ရပိုင်ခွင့်များကို ရရှိနိုင်စေရေးအတွက် -

(က) သီးခြားတာဝန်ပေးသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရသည့် ရေကြောင်းပြမှူးကြီးများအတွက် အခကြေးငွေကို အုပ်ချုပ်မှုအဖွဲ့သို့ တင်ပြ၍ ခံစားခွင့်ပြုနိုင်သည်။

(ခ) သီးခြားတာဝန်ပေးသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရသည့် ဝန်ထမ်းများအတွက် အခကြေးငွေ သို့မဟုတ် ချီးမြှင့်ငွေကို အုပ်ချုပ်မှုအဖွဲ့သို့ တင်ပြ၍ ခံစားခွင့်ပြုနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၄၆။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်ရရှိလိုသူသည် လုပ်ငန်းအမျိုးအစားအလိုက် အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံ လျှောက်ထားရမည်-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအတွက် စက်သုံးဆီနှင့် အခြားလိုအပ်ချက်များ ထောက်ပံ့ပေးသည့်လုပ်ငန်း၊

(ခ) ပုဂ္ဂလိကတွဲဆွဲရေယာဉ်၊ တွန်းရေယာဉ်၊ သောင်တူးရေယာဉ်နှင့် ဆယ်ယူရေးရေယာဉ်လုပ်ငန်း၊

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတားတည်ဆောက်လုပ်ကိုင်သည့်လုပ်ငန်း၊

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း သို့မဟုတ် လွန်းလမ်းတစ်မျိုးမျိုး တည်ဆောက်လုပ်ကိုင်သည့် လုပ်ငန်း၊

(င) ရေကြောင်းပြလုပ်ငန်း။

၄၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပြန်တမ်းဝင်အရာရှိနှင့်အထက် အရာထမ်းများ ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်သည်။

၄၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဌာနပိုင်မြေ၊ သိုလှောင်ရုံ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်မှုများကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးစနစ်ဖြင့် ငှားရမ်းနိုင်သည်။

(ခ) ဌာနပိုင်မြေ၊ သိုလှောင်ရုံများနှင့် အဆောက်အအုံများကို အုပ်ချုပ်မှုအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁၀နှစ်အထိ ငှားရမ်းနိုင်သည်။ ထိုသို့ ငှားရမ်းရာတွင် နှစ်အလိုက် မူလငှားရမ်းခနှုန်းထားများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) ၁၀ နှစ်ထက် ကျော်လွန်သော ငှားရမ်းမှုများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၄၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် လုပ်ငန်းလိုင်စင်၊ လုပ်ငန်းလုပ်ကိုင်ခွင့်များနှင့် စပ်လျဉ်း၍ -

(က) လိုအပ်ချက်၊ လမ်းညွှန်ချက်နှင့် စံချိန်စံညွှန်းများကို သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ခ) ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်သည်။

၅၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့စည်းသည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ရေယာဉ်ပေါ်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ကုန်စည်ပါရှိသည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ဆိပ်ကမ်းတံတားတွင် ဖွင့်ဖောက်စစ်ဆေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ စစ်ဆေးရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ကုန်စည်တွေ့ရှိလျှင် စည်းမျဉ်းစည်းကမ်းနှင့်အညီ သက်ဆိုင်ရာကုန်စည်ပိုင်ရှင်၏ ကုန်ကျစရိတ်ဖြင့် ရှင်းလင်းဆောင်ရွက်ပေးရမည်။

(ဂ) ကုန်စည်ပိုင်ရှင် ဖော်ထုတ်၍မရပါက အဆိုပါ ကုန်စည်သယ်ယူသည့် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးတို့၏အစီအစဉ်ဖြင့် မူလသယ်ဆောင်လာသည့်ဆိပ်ကမ်းသို့ ပြန်လည်ပို့ဆောင်စေရမည်။

၅၁။ ဥပဒေနှင့် နည်းဥပဒေများအရ ဆိပ်ကမ်းနယ်နိမိတ်နှင့် ဌာနပိုင်မြေများကို လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းအတွက်သာဖြစ်ပြီး အခြားမည်သည့် ပိုင်ဆိုင်ခွင့်နှင့်မျှ သက်ဆိုင်ခြင်း မရှိစေရ။

(ပုံ) ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက် )

၁။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ကြိုတင်ဝင်ငွေခွန် ပေးဆောင်စေခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) မော်တော်ယာဉ်ကို တင်သွင်းသူကိုယ်တိုင်က ကနဦးယာဉ်မှတ်ပုံတင်ပြုလုပ်ခြင်းအတွက် -

(၁) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးမျိုးအတွက် အသုံးပြုသည့် ငွေကြေးအဖြစ် အကောက်ခွန်စည်းကြပ်တန်ဖိုး၊ ကျသင့်အကောက်ခွန်၊ ကျသင့်အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ပါဝင်သည့် စုစုပေါင်းတန်ဖိုးကို သတ်မှတ်သည်။

(၂) အဆိုပါစုစုပေါင်းတန်ဖိုးအပေါ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေအပေါ် ကောက်ခံရမည့် ဝင်ငွေခွန်နှုန်းဖြင့် ပေးဆောင်ရမည့် ကြိုတင်ဝင်ငွေခွန်ကို တွက်ချက်ရမည်။

(၃) တွက်ချက်ရရှိသည့် အခွန်ကို ကြိုတင်ဝင်ငွေခွန်အဖြစ် ကောက်ခံရမည်။ ယာဉ်ကို ဆိပ်ကမ်းမှ ရွေးယူစဉ် အကောက်ခွန်ဦးစီးဌာနတွင် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ခဲ့ရသည့် ကိစ္စရပ်အတွက် တွက်ချက်ရသည့် အခွန်မှ ပေးဆောင်ခဲ့ရသည့် ကြိုတင်ဝင်ငွေခွန်ကို နုတ်ပယ်၍ ကျန်အခွန်ငွေကို ကြိုတင်ငွေခွန်အဖြစ် ထပ်မံပေးသွင်းစေရမည်။

(၄) ယာဉ်တင်သွင်းသူသည် ယာဉ်တန်ဖိုးအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ဝင်ငွေရလမ်းတင်ပြလိုပါက ယာဉ်ပိုင်ရှင် နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်တင်ပြဆောင်ရွက်နိုင်သည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သတ်မှတ်စုစုပေါင်းတန်ဖိုးအပေါ် တင်ပြဝင်ငွေရလမ်းအထောက်အထားများကိုစိစစ်လျက် အပြီးသတ် စည်းကြပ်မှု ဆောင်ရွက်ပေးရမည်။ စည်းကြပ်မှုအရ ကျသင့်အခွန်မှ ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်ကို ခုနှိမ်ပေးရမည်။ ဝင်ငွေရလမ်းအပြည့်အဝတင်ပြနိုင်ခြင်းကြောင့် ဝင်ငွေခွန်ပေးသွင်းရန် လိုအပ်ခြင်းမရှိပါက ပေးသွင်းခဲ့သည့် ကြိုတင်ဝင်ငွေခွန်ကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ပြန်အမ်းငွေအဖြစ် ပြန်လည်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်။

(ခ) ပြည်တွင်း၌ ပြန်လည်ရောင်းချရန်အလို့ငှာလည်းကောင်း၊ လုပ်ငန်းတွင် အသုံးပြုရန်အတွက်လည်းကောင်း ထုတ်ကုန်သွင်းကုန်လုပ်ငန်းများ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများက တင်သွင်းခြင်းအတွက် -

(၁) အကောက်ခွန်ဦးစီးဌာနသည် ကျသင့်အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းနှင့်အတူ မော်တော်ယာဉ်များ ဆိပ်ကမ်းရောက်တန်ဖိုး၏ ၂ ရာခိုင်နှုန်းကို ကြိုတင်ဝင်ငွေခွန်အဖြစ် ကောက်ခံရမည်။

(၂) ထိုသို့ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းစဉ် အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးထားသည့် ကြိုတင်ဝင်ငွေခွန်ကို လုပ်ငန်းအတွက် အပြီးသတ် စည်းကြပ်မှုအရ ကျသင့်အခွန်မှ နုတ်ပယ်ပေးရမည်။

၂။ ဤအမိန့်ကြော်ငြာစာသည် အောက်ဖော်ပြပါ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်းနှင့်သက်ဆိုင်ခြင်း မရှိစေရ -

(က) ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခွင့်ပြုရန်ပုံငွေဖြင့် တင်သွင်းသည့် မော်တော်ယာဉ်များ၊

(ခ) နာရေးယာဉ်များ၊ မီးသတ်ယာဉ်များ၊

(ဂ) ဘာသာရေး၊ ကုသိုလ်ရေးသက်သက် ဆောင်ရွက်သည့် အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များ၊

(ဃ) နိုင်ငံတော်၏ လုပ်ငန်းဌာန၊ အဖွဲ့အစည်းများ၊ စီမံကိန်းများတွင် အသုံးပြုရန် လှူဒါန်းသည့်သို့မဟုတ် ထောက်ပံ့သည့် ယာဉ်များ၊

(င) လှူဒါန်းရန်အတွက် တင်သွင်းလာသည့် ယာဉ်များ၊

(စ) သံတမန်များ၊ သံရုံးများက တင်သွင်းသည့် မော်တော်ယာဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများကတင်သွင်းသည့် မော်တော်ယာဉ်များ၊

(ဆ) ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိသည့်ကာလအတွင်း တင်သွင်းသည့်ယာဉ်များ။

၃။ အထက်ပါကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း လုပ်ငန်းများ ချောမွေ့အောင်မြင်စေရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန် သတ်မှတ်နိုင်သည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၂၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၁၅) ဖြင့် ကြိုးဝိုင်းတောပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သည့် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ရေနီကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ၊ (အကွက်အမှတ်-၃၆) သရက်ကုန်း ကျေးရွာအုပ်စု၊ ကွင်းအမည်-ရေနီသစ်တောကြိုးဝိုင်း၊ ဦးပိုင်အမှတ် (-) ရှိ ကြိုးဝိုင်းတောပယ်ဖျက် မြေဧရိယာ **(၄၇. ၀၀)** ဧကအား **"မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာ (စမတောင်) ကျောင်းတိုက်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက် )

အမှတ် ၄၅/၂၀၁၆။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | မြဝင်း | ကြည်း ၇၀၂၉၄ |
| (၂) | လောင်ဒွမ်း | ကြည်း ၇၀၂၉၅ |

## (ရေတပ်ဌာနစု)

အမှတ်စဉ် ၂/ ၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**
**စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲ**

အံ့ကြွယ် ရေ ၅၂၁၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

အမှတ် ၄ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၆) ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန/ဒေသ |
|---|---|---|
| ၁။ | ဦးကျော်စွာဝင်း | ရုံးချုပ်၊ ထောက်ပံ့/ဆက်သွယ်ရေး/ မော်တော်ယာဉ်ဌာနခွဲ |
| ၂။ | ဦးသက်လွင်ထွန်း | ရုံးချုပ်၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ |
| ၃။ | ဦးရမ်ဟေး | ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မင်းတပ်) |

အမှတ် ၅ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၆) ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန/ဒေသ |
|---|---|---|
| ၁။ | ဦးကျော်ကျော်ငွေ | ရုံးချုပ်၊ ထောက်ပံ့/ဆက်သွယ်ရေး/မော်တော်ယာဉ် [ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လင်းခေး) မှတွဲ] |
| ၂။ | ဒေါ်လှစန္ဒာအောင် | ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ရန်ကုန်အရှေ့ပိုင်း) |
| ၃။ | ဦးငွေဝင်း | ရုံးချုပ်၊ လုပ်ငန်းဌာန (၃) |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မဟာတံတိုင်းအုပ်စု ကုမ္ပဏီလီမိတက်**

**(Great Wall Group Company Limited)**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **မဟာတံတိုင်းအုပ်စု ကုမ္ပဏီလီမိတက်** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၂. ၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီ၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (B.Com, R.A, C.P.A)၊ တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၄-၇-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးတင်မောင် | ဦးစိန်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, R.A, C.P.A) |
| မဟာတံတိုင်းအုပ်စု ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | ဖုန်း ၀၁-၈၆၀၃၇၆၀ |

## ကန်နသီ ကုမ္ပဏီလီမိတက်

**(Kannithi Company Limited)**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ကန်နသီ ကုမ္ပဏီလီမိတက်** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂. ၅. ၂၀၁၆) ရက်နေ့တွင် ကုမ္ပဏီ၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (B.Com, R.A, C.P.A)၊ တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၄-၇-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ကျော်ဖိုးတူ | ဦးစိန်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, R.A, C.P.A) |
| ကန်နသီ ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | ဖုန်း ၀၁-၈၆၀၃၇၆၀ |

## F M I MOTORCYCLE LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ၊ ၂၀၈ - c အရ၊ ဖျက်သိမ်းဆဲ F M I MOTOR-CYCLE LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၄-၇-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**APPLE INTERNATIONAL COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ APPLE INTERNATIONAL COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၄-၇-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**SHWE AW GYI COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ SHWE AW GYI COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၄-၇-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၃း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

# မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ ရတနာပုံတယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

အထက်ဖော်ပြပါ ရတနာပုံတယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ အစုရှင်များ၏ သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးကို ၃၀-၃-၂၀၁၆ ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ် -၂၅၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ကျင်းပ၍ အောက်ပါအထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပြီး ၎င်းနေ့တစ်ဆက်တည်း ဆက်လက်ကျင်းပသော မြီရှင်များ၏ အစည်းအဝေးမှလည်း အတည်ပြုခဲ့ပါသည်။

၁။ ကုမ္ပဏီအား မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ အခန်းအမှတ် -၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင် ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ရှိသော "ဝင်းသင်နှင့်အဖွဲ့လီမိတက်" မှ Partner ဖြစ်သူ ဒေါ်တင်တင်မိုးခိုင် [ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်၊ ဒစ်ဖ်အိုင်အက်(ဖ်)အာအက်စ်] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အာဏာလွှဲအပ်ပါသည်။

Soe Thein
Managing Director
Yatanarpon Teleport Trading Co., Ltd.

Daw Tin Tin Moe Khaing
Liquidator
Yatanarpon Teleport Trading Co., Ltd.

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ **Mother Love Manufacturing Co., Ltd.** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Mother Love Manufacturing Co., Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁. ၆. ၂၀၁၆) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန် - ရရန် ရှိသည်များကို (၁. ၇. ၂၀၁၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Aung Kyaw Win
Managing Director

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**Shwe Lin Kar Services Co., Ltd.** ကို
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။　**Shwe Lin Kar Services Co., Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁. ၆. ၂၀၁၆) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန် - ရရန် ရှိသည်များကို (၁. ၇. ၂၀၁၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Thein Soe
Managing Director
Shwe Lin Kar Services Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**Shwe Lin Kar Co., Ltd.** ကို
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။　**Shwe Lin Kar Co., Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁. ၆. ၂၀၁၆) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန် - ရရန် ရှိသည်များကို (၁. ၇. ၂၀၁၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Thein Soe
Managing Director
Shwe Lin Kar Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**Shwe Lin Kar Hotel Co., Ltd.** ကို
အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Shwe Lin Kar Hotel Co., Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁. ၆. ၂၀၁၆) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန် - ရရန် ရှိသည်များကို (၁. ၇. ၂၀၁၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Aung Kyaw Win
Managing Director
Shwe Lin Kar Hotel Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd F1. (left), Middle Block,
39th Street, Kyauktada Township, Yangon.

## ဓနလှိုင်ဖြိုးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

(အစုရှင်များဆန္ဒအရ ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အပြီးသတ်
နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂. ၇. ၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၁၁၁၊ မြေညီထပ်၊ (၃၆) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

U HAN LWIN SOE
MANAGING DIRECTOR
DANA HLAING PHYO TRADING CO.,LTD.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) ဓနလှိုင်ဖြိုးရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၃-၆-၂၀၁၆။